# ဘက်စီရို့စ်

လေးကိုတင်



ယူငယ်
စာစဉ်

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ - ၄၂

# Who Was Betsy Ross?

Written by James Buckley Jr.
Illustrated by John O'Brien

သားနှင့်သမီး စာအုပ်တိုက်
စာအုပ်အမှတ် - ၁၄၁

ကမ္ဘာ့ အထင်ကရ ပုဂ္ဂိုလ်များ - ၄၂



# ဘက်စီရို့စ်

လေးကိုတင်

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - မြတ်သူရှာဦး

ကွန်ပျူတာစာစီ - **Dream City**

ထုတ်ဝေသူ - ဦးဝင်းချို(မြဝတီစာအုပ်တိုက်)

အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်ချိုချိုအေး(မြဝတီပုံနှိပ်တိုက်)

အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၁၇၊ နိုဝင်ဘာလ။

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

---

လေးကိုတင်

ဘက်စီရိုးစ် / လေးကိုတင်-ရန်ကုန်။

မြဝတီစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။

စာမျက်နှာ ၁၂၀၊ ၁၃.၄ စင်တီ × ၂၁.၆ စင်တီ။

(၁) ဘက်စီရိုးစ်

# စာဖတ်သူသို့

မြန်မာကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှ ကလေးစာပေများကို မြန်မာစာဖတ်ပရိတ်များ ထိတွေ့ ဖတ်ရှုစေရေးတို့ကို ရည်ရွယ်လျက် သားနှင့် သမီးစာအုပ်တိုက်မှ ကလေးဖတ်စာအုပ်များ ထုတ်ဝေလာခဲ့သည်မှာ ၃ နှစ်တာမျှရှိခဲ့ပါပြီ။ ဘာမျှမကြာမြင့်လှသေးသော ထို ၃ နှစ်တာ ကာလအတွင်း ကလေးစာအုပ်ပေါင်း ၈၀ နီးပါးမျှ ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုစာအုပ်များမှာ အများအားဖြင့် ဘာသာပြန်လက်ရာများဖြစ်ကြပြီး ငယ်ရွယ်သော ကလေးသူငယ်များ ဖတ်ရှုလေ့လာရန်အတွက် ကလေးစာပေ (children's literature) များဖြစ်ကြပါသည်။

သားနှင့် သမီးစာအုပ်တိုက်အနေဖြင့် ဘာသာပြန် ကလေးစာပေများကိုသာမက ပင်ကိုရေး ကလေးစာပေများကိုလည်း ထုတ်ဝေသွားရန် ရည်ရွယ်ထားသလို လူငယ်စာဖတ်သူ (young reader) များအတွက် အကျိုးများ တန်ဖိုးရှိစေမည့် လူငယ်စာပေများကို ရွေးချယ်ထုတ်ဝေသွားရန် ကြိုးပမ်းစီစဉ်ခဲ့ပါသည်။ ယခုထုတ်ဝေလိုက်သော ဤစာအုပ်တွဲများသည် သားနှင့် သမီးစာအုပ်တိုက်၏ လူငယ်စာစဉ်အဖြစ် ထုတ်ဝေသော ကနဦး အစီအစဉ်၊ သို့မဟုတ် ပထမခြေလှမ်းဟု ဆိုချင်ပါသည်။

လူငယ်စာစဉ် ပထမခြေလှမ်းအဖြစ် ထုတ်ဝေလိုက်သော ဤ စာအုပ်များသည် အမေရိကန်ပြည်ထောင်စု အခြေစိုက် Penguin Young Readers Group ၏ Grosset & Dunlap စာအုပ်တိုက်မှ ထွက်ရှိခဲ့သည့် Who is...? / Who was...? စာအုပ်စီးရီးကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ သူ့မူရင်း အာဘော်အတိုင်း ပြန်ဆိုထားခြင်း ဖြစ်သလို ပါဝင်သော သရုပ်ဖော်ပုံများကိုလည်း သူ့မူရင်းအတိုင်းပင် ပြန်လည်ထည့်သွင်း ဖော်ပြပေးထားပါသည်။

ယခုစီးရီးသည် ကမ္ဘာနယ်ပယ်ပေါင်းစုံတွင် အထူးထင်ရှားသော လူပုဂ္ဂိုလ်များ၏အကြောင်း ဖြစ်ပြီး စာဖတ်သူများအနေဖြင့် လေ့လာမှတ်သား သင်ခန်းစာယူဖွယ်ရာ ဗဟုသုတနှင့် အချက်အလက်များ များစွာပါဝင်ပါသည်။ ထို့အပြင် လူတစ်ဦးချင်းစီ၏ အတ္ထုပ္ပတ္တိဖြစ်သဖြင့် ရသဝတ္ထုစာအုပ်များဖတ်ရှုရသကဲ့သို့ခံစားမှုပေးစွမ်းနိုင်သလို သူတို့ဖြတ်သန်းခဲ့ကြရာ ခေတ်အလိုက်၊ နိုင်ငံအလိုက် သမိုင်းနောက်ခံကားများကိုလည်း တွေ့မြင်သိရှိနိုင်ကြမည် ဖြစ်ပါသည်။

သားနှင့် သမီးစာအုပ်တိုက်မှ ယခု Who? စီးရီးဖြစ်သည့် 'ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ' ကို မရှုပ်မချန်ဘဲ စီးရီးအပြည့်အစုံ ဘာသာပြန်တင်ဆက်သွားမည်ဖြစ်သလို နောက်ထပ်စီးရီးများ ဖြစ်သော Where? နှင့် What ? (ကမ္ဘာ့အထင်ကရ နေရာများနှင့် ကမ္ဘာ့အထင်ကရ အဖြစ်အပျက်များ) ကိုလည်း လူငယ်စာစဉ်အဖြစ် ဆက်လက်စီစဉ် ထုတ်ဝေသွားရန် အားထုတ် ကြိုးပမ်းလျက် ရှိပါသည်။ ထို့ကြောင့် စာဖတ်သူများ၊ အထူးသဖြင့် လူငယ်များအနေဖြင့် အသိဉာဏ်ပညာ မြင့်မားကာ ဗဟုသုတတိုးပွားစေခြင်း အလို့ငှာ ဆက်လက်ရှာဖွေ ဖတ်ရှုကြရန်လည်း တိုက်တွန်းလိုပါသည်။

မြန်မာစာပေလောကအတွင်း၌ ခေတ်မီသော ကလေးစာပေနှင့် လူငယ်စာပေများ တိုးပွားဖွံ့ဖြိုးစေရေးအတွက် ရည်သန်လျက် ဤစာအုပ်တွဲများကို မအားလပ်သည့်ကြားမှ ဝိုင်းဝန်း ပြန်ဆိုပေးကြသော စာရေးဆရာများနှင့် အားပေး ဖတ်ရှုကြသော စာဖတ်ပရိတ်သတ်များ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ဆိုပါရစေ။

သားနှင့်သမီး စာအုပ်တိုက်

# မာတိကာ


| | | | |
|---|---|---|---|
| – | | ဘက်စီရိုစ်ဆိုတာ ဘယ်သူလဲ | ၁၃ |
| အခန်း | ၁။ | ခရစ်ယာန်သဟာယအဖွဲ့ဝင် မိန်းကလေး | ၁၆ |
| အခန်း | ၂။ | အလုပ်လုပ်ဖို့ အချိန်တန်ပြီ | ၂၈ |
| အခန်း | ၃။ | စစ် | ၃၆ |
| အခန်း | ၄။ | အလံတော်သစ် | ၄၆ |
| အခန်း | ၅။ | မွေးရပ်မြို့ကို ကျူးကျော်ခြင်း | ၆၃ |
| အခန်း | ၆။ | အောင်ပွဲနှင့် ဘဝသစ် | ၈၀ |
| အခန်း | ၇။ | ကလေးပူး၏ ရှေ့သို့ လှုပ်ရှားမှု | ၈၉ |
| အခန်း | ၈။ | ကိစ္စများပြောင်းစွာဖြင့် နိဂုံးချုပ်ခြင်း | ၁၀၂ |
| အခန်း | ၉။ | ဒဏ္ဍာရီပုံပြင်တစ်ပုဒ် မွေးဖွားခြင်း | ၁၀၇ |
| – | | ဘက်စီရိုစ်၏ ဘဝဖြစ်စဉ် | ၁၁၄ |
| – | | ကမ္ဘာ့ဖြစ်စဉ် | ၁၁၅ |

# ဘက်စီရို့စ်ဆိုတာ ဘယ်သူလဲ

၁၇၆၄ ခုနှစ် နွေဦးပေါက်ရာသီမှာ ဖီလာဒယ်ဖီးယားက အလီဇွဘက် ဂရစ်ကွမ်လို့ အမည်ရတဲ့ မိန်းမပျိုလေးတစ်ယောက်ဟာ အစ်မဖြစ်သူ အလုပ်လုပ်နေတဲ့ နေရာကို အလည်အပတ် သွားပါတယ်။ အယ်လီဇွဘက်ရဲ့အစ်မဟာ ပရိဘောဂ ပစ္စည်းတွေအတွက် အဖုံးအစွပ်တွေလုပ်တဲ့ လုပ်ငန်းမှာ အပ်ချုပ်သမတစ်ယောက် ဖြစ်တယ်။ အဲဒီလုပ်ငန်းဟာ ကတ္တီပါ၊ အပါအဝင် ပိတ်စတွေနဲ့ အမျိုးအမည်ပေါင်းစုံကို ထုတ်လုပ်ပေးရာနေရာ တစ်ခုဖြစ်တယ်။ ပြတင်းခန်းဆီးတွေ၊ စားပွဲခင်းတွေ၊ ဝှမ်းကပ်တွေ၊ အိပ်ရာခင်းတွေနဲ့ အခြား အိမ်ထောင်ပရိဘောဂတွေရဲ့ အဖုံးအစွပ်တွေ ချုပ်လုပ်



ပေးကြတယ်။ အလုပ်သမားတွေက အလွန်အလုပ်များလှပြီး သူတို့ ချုပ်လုပ်လိုက်တဲ့ အဖုံးအစွပ်တွေက ဗြိတိသျှနိုင်ငံကြီးရဲ့ အမေရိကန် ကိုလိုနီနယ်တွေရှိ အရေးပါအရာရောက်တဲ့ အိမ်တွေမှာ မွမ်းမံဆင်ယင်ဖို့ ဖြစ်တယ်။

အယ်လီဇဘက်ဟာ ဘက်စီလို့ လူသိများပြီး ကျောင်းတက်နေဆဲဖြစ်တယ်။ သူ့အစ်မတွေက ကြီးမားလှတဲ့ သူတို့မိသားစုကို တစ်ဖက်တစ်လမ်းက ကူညီဖို့အတွက် အလုပ်လုပ်နေကြပါတယ်။ တစ်နေ့တော့ အဲဒီဆိုင်မှာ သူတို့နဲ့အတူလုပ်ကိုင်ရမှာကို ဘက်စီသိပါတယ်။

မနက်ခင်းမှာ ဘက်စီဟာ အလုပ်ရုံကို အလည်ရောက်သွားခိုက် အပ်ချုပ်သမ တစ်ယောက်က ဖိတ်စအပိုင်းအစတစ်ခုနဲ့ ချုပ်လို့မရဖြစ်နေတယ်။ ဘက်စီဟာ လူပကောင်းမွန်စွာ ချုပ်တတ်သူဖြစ်လို့ အလျင်အမြန်ဝင် ရောက်ချုပ်လုပ်ပေးလိုက်ပါတယ်။



လုပ်ငန်းပိုင်ရှင် ဌါန်ဝက်စတာက အဲဒီအဖြစ်ကို မြင်သွားခဲ့ပြီး စိတ်ဝင်စားသွားတယ်။ ဘက်စီဟာ အသက် ၁၂ နှစ်ပဲ ရှိသေးတယ်။ ဒါပေမဲ့ သူဟာ သူ့ထက်အသက်ကြီးသူတွေထက် ပိုပြီး စက်ချုပ်နိုင်တယ်။

ဝက်စတာဟာ ဘက်စီ့မိခင်ဆီ အလည်ရောက်သွားပြီး ဘက်စီရော သူ့ဆိုင်မှာ လာရောက်လုပ်ကိုင် နိုင်ပါသလားလို့ မေးပါတယ်။ မစ္စက်ဂရစ်ကွမ်က ''ဟုတ်ကဲ့...'' လို့ ပြောလိုက်တယ်။ ရက်အနည်းငယ်အကြာမှာတော့ ဘက်စီရဲ့ ကျောင်းသူဘဝဟာ အဆုံးသတ်သွားပြီး စက်ချုပ်သမဘဝ စတင်ခဲ့ပါတော့တယ်။

ဘက်စီဟာ ချုပ်ရိုးတွေ အလျင်အမြန် ချုပ်ပစ်လိုက်တဲ့နေ့ကစလို့ နောက်နှစ်ပေါင်း ၇၀ နီးပါးတိုင်အောင် အပ်ချုပ်သမအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့ပါတယ်။ အချိန်ကာလတွေ ကုန်ဆုံးလာပြီး ဒဏ္ဍာရီပုံပြင်တစ်ပုဒ် ထွက်ပေါ်လာ ခဲ့တယ်။ ဘက်စီကိုယ်တိုင် ချုပ်လိုက်တဲ့လက်ရာ တစ်ခုက အလွန် ထင်ရှားကျော်ကြားသွားခဲ့တယ်လေ။ အဲ့ဒါကတော့ ပထမဦးဆုံး အမေရိကန်ပြည်ထောင်စုအလံပဲ ဖြစ်တယ်။ အဲ့ဒီဇာတ်လမ်းဟာ တကယ့်အမှန် ဟုတ်မဟုတ် မသေချာပေမဲ့ အကြောင်းအရင်းအရာတစ်ခုကတော့ သေချာခဲ့ပါတယ်။ အဲ့ဒါကတော့ ဘက်စီရိုစ်နဲ့ သူ့လိုပဲအလုပ်ကြိုးစားကြတဲ့ အမျိုးသမီးထောင်ပေါင်းများစွာတို့ဟာ ဒေသတွင်းလက်အောက်ခံတပ်တွေ ယုံကြည်ထောက်ခံမှုရဖို့နဲ့ အမေရိကရဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ဖို့အတွက် အကူအညီဖြစ်စေခဲ့တာပဲ ဖြစ်ပါတယ်။

# အခန်း – ၁

# ခရစ်ယာန်သဟာယအဖွဲ့ဝင်မိန်းကလေး



၁၇၅၂ ခုနှစ် ဆောင်းရာသီမှာ ဖီလာဒယ်ဖီးယားကို မြင်ရတာ အဆိုး ဆုံးထဲက အဆိုးဆုံး ဖြစ်ပါတယ်။ စားစရာသောက်စရာတွေလည်း ရှားပါး သွားပြီး နှင်းတွေကလည်း ထူထပ်ဖုံးလွှမ်းနေတယ်။ ကြောက်မက်




ဖွယ်ကောင်းလှတဲ့ အဒေအးအာတ်ဟာ တိရစ္ဆာန်တွေကို အေးခဲတောင့်တင်းသွားစေပြီး လယ်ကွင်းတွေထဲမှာ မတ်တတ်ရပ်နေကြသလို ဖြစ်နေတယ်။ မြို့အပြင်ရဲ့ သစ်သားအိမ်ငယ်လေး တစ်အိမ်ထဲမှာတော့ ဘက်စီဂရစ်ကွမ်ဟာ ဇန်နဝါရီလ ၁ ရက်နေ့မှာ မွေးဖွားခဲ့တယ်။ ဆယ်မြူရယ်နဲ့ ရီဘက်ကာ ဂရစ်ကွမ် မိသားစုကြီးထဲ သူ ရောက်ရှိလာတာဖြစ်တယ်။ ဆယ်မြူရယ်က ဖီလာဒယ်ဖီးယားမှာ လက်သမားတစ်ယောက်အဖြစ် လုပ်ကိုင်နေပါတယ်။ သူ့အဖေနဲ့ သူ့အဘိုးတို့ဟာလည်း ဒီအလုပ်ကိုပဲ လုပ်ကိုင်ခဲ့ကြတာပါ။ ဆယ်မြူရယ်ဟာ ဖွံ့ဖြိုးလာတဲ့ မြို့အတွက် အိမ်တွေဆောက်လုပ်ပြီး အိမ်ထောင်ပရိဘောဂတွေလည်း လုပ်ရတယ်။ ဖီလာဒယ်ဖီးယားဟာ ပင်ဆယ်ဗေးနီးယားပြည်နယ်ထဲက အကြီးဆုံးမြို့ဖြစ်ပြီး ဗြိတိသျှတို့ပိုင်ဆိုင်တဲ့ အမေရိကထဲမှာရှိတဲ့ ကိုလိုနီနယ်ပယ် ၁၃ ခုထဲက တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အမေရိကန် ကိုလိုနီအားလုံးထဲမှာလည်း အကြီးဆုံးမြို့ကြီးပါပဲ။



အမေရိကားကို ရောက်ရှိလာသူတွေဟာ နှစ်ပေါင်းတစ်ရာကျော် လောက်က အင်္ဂလန်ကနေ လာရောက်နေထိုင်သူတွေ ဖြစ်တယ်။ သူတို့ဟာ အင်္ဂလန်နိုင်ငံမှာ သူတို့လုပ်ချင်တဲ့အလုပ်ကို အလုပ်ရုံတွေမှာ အမြဲလုပ်ကိုင်လို့ မရဘူး။ သူတို့ဟာ ကိုလိုနီနယ်ပယ်တွေကို ရောက်ရှိလာကြပြီး သူတို့ရဲ့ ကိုယ်ပိုင်ရိုးရာ ဘာသာတွေလည်း နောက်က ပါလာကြတယ်။ ဆယ်မြို့ရယ်နဲ့ ရှိဘက်ကာ မိဘတွေက အတ္တလန်တိတ်သမုဒ္ဒရာကိုဖြတ်ပြီး ခရီးနှင်လာကြရတယ်။ ဂရစ်ကွမ်မိသားစုဟာ ခရစ်ယာန်သဟာယအဖွဲ့ဝင်တွေလို့ လူသိများပြီး ခရစ်ယာန်အုပ်စုတွေနဲ့ မိတ်ဆွေသင်္ဂဟတွေဖြစ်ကာ နေထိုင်ကြပါတယ်။

ခရစ်ယာန်သဟာယအဖွဲ့ဝင်တွေဟာ ရိုးသားတဲ့ဘဝကို ယုံကြည်ထားကြတယ်။ သူတို့ဟာ အလုပ်လုပ်မယ်၊ ကိုးကွယ်ကြမယ်ဆိုပြီး သူတို့ဘဝတွေကို မြှင့်တင်ကြပါတယ်။ တစ်ပတ်နှစ်ကြိမ်မျှ မိသားစုနှင့်အတူ ဘက်စီဟာ ခရစ်ယာန်သဟာယအဖွဲ့ လုပ်ငန်းတွေ သွားရောက်လုပ်ကိုင်ပါတယ်။ အိမ်မှာလည်း ဘက်စီဟာ သူ့အမေနဲ့ အစ်အတွေကို ပျင်ရိုငြီးငွေ့စရာကောင်းတဲ့ အိမ်အလုပ်တွေ ကူညီလုပ်ကိုင်ပေးပါတယ်။ ထင်းချောင်းတွေကို ညီညာအောင်စုပုံပေးတာ၊ အခန်းတွေကိုတံမြက်စည်းနဲ့ လှည်းကျင်းပေးတာ၊ ပြီးတော့ ပန်းကန်ခွက်ယောက်တွေကို ဆေးကြောပေးတာ စတဲ့ အလုပ်မျိုးတွေပေါ့။



# ကိုလိုနီ ၁၃ ပြည်နယ်

ဗြိတိသျှများသည် အမေရိက၏ ကမ္ဘာသစ်ဖြစ်နေသော အတ္တလန်တိတ်ကမ်းရိုးတန်းတောက်လျှောက်ကို အားလုံးထိန်းချုပ်ထားပါသည်။ သို့သော် အင်္ဂလန်၏ တတိယမြောက် ဂျော့ဘုရင်သည် လူအများအား ကိုလိုနီပြုခဲ့ပြီး အခြေချလျှင် အထူးပြုလုပ်ထားသော မြေတစ်ကွက်ပေးမည်ဟု အာမခံပေးပါသည်။ ကိုလိုနီ၁၃ ပြည်နယ်စလုံးတွင် သူ့ပြည်နယ်နှင့်သူသည် ကိုယ်ပိုင်သမိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်သူတို့ ရှိနေကြပါသည်။ ယင်းမှာ အင်္ဂလိပ်အစိုးရမှ တိုးချဲ့ဖွဲ့စည်းထားသော ကိုလိုနီအစိုးရများဖြစ်ကြသည်။



| ကိုလိုနီ | တည်ထောင်သည့်နေ့ | တည်ထောင်သူများ |
|---|---|---|
| ဗာဂျီးနီးယား | ၁၆၀၇ | လန်ဒန် ဗာဂျီးနီးယား ကုမ္ပဏီ |
| မက်ဆက်ချူးဆက် | ၁၆၂၀ | ပြူရီတန်များ |
| နယူးဟမ်ရှိုင်းယား | ၁၆၂၃ | ဝွန်မေဆန် |
| မေရီလန်း | ၁၆၃၂ | ရိုမန်ကက်သလစ်များ |
| ကွန်နက်တီးကတ် | ၁၆၃၆ | ရော်ဂျာဝီလျံမ်စ် |
| ကာလိုရိုင်းနား | ၁၆၅၀ | |
| | နှစ်များ | ဗာဂျီနီးယန်းများ |
| ဒီလာဝဲ | ၁၆၆၄ | ယောက်မြို့စား |
| နယူးယောက် | ၁၆၆၄ | ယောက်မြို့စား |
| နယူးဂျာစီ | ၁၆၆၄ | ယောက်မြို့စား |
| ပင်ဆယ်ဗေးနီးယား | ၁၆၈၂ | ဝီလျံမ်ပန် |
| ဂျော်ဂျီယာ | ၁၇၃၂ | ဂျိမ်းဩလက်သော် |

ခရစ်ယာန်သာသနာပြုအဖွဲ့ဝင် ကလေးသူငယ်တွေဟာ အလွန်ရိုးစင်းတဲ့ အဝတ်အစားတွေကိုသာ ဝတ်ဆင်ကြတယ်။ ဘက်စီဟာ ဂါဝန်အနက်ရောင်ရှည်ရှည်နဲ့ လက်ရှည်ဖားဖား အမြဲ ဝတ်ဆင်လေ့ရှိတယ်။ နောက်မေးသိုင်းကြိုးပါတဲ့ ဦးထုပ်ကိုလည်း အမြဲဆောင်းလေ့ရှိတယ်။ တစ်ခါတစ်လေ အသက်ပိုကြီးတဲ့ မျိုးသမီးငယ်တချို့ဟာ မိုးမွှင့်ကြီးတွေတဲ့ ဦးထုပ်ပြားတွေကို ဆောင်းကြတယ်။



ဘက်စီကို မွေးတဲ့အချိန် ဂရစ်ကွမ်မိသားစုမှာ သမီး ၅ ယောက်ရှိနေပြီ ဖြစ်တယ်။ ဒီဆိုရာ၊ ဆူဆန်နက်၊ ဆာရာ၊ ရီဘက်ကာနဲ့ မေရီတို့ ဖြစ်တယ်။ အခြားကလေးမနှစ်ယောက်က နို့စို့သမီးအရွယ်မှာ သေဆုံးသွားကြတယ်။ ဘက်စီဟာ ၈ ယောက်မြောက်ကလေး ဖြစ်တယ်။ အဲဒီအချိန်မှာ ဘက်စီ မိဘတွေဟာ သမီး ၅ ယောက်၊ သား ၄ ယောက်မွေးဖွားခဲ့ပြီး အားလုံးထဲက တစ်ယောက်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားတယ်။ မိသားစုတွေမှာ ဂရစ်ကွမ်ရဲ့ သား သမီး ၁၇ ယောက်မြောက်ထဲက ၈ ယောက်မြောက်ဟာ နို့စို့အရွယ်မှာ အသက်မသေဘဲ ကြီးပြင်းလာရာ အရွယ်ရောက်လာတဲ့အထိ ဖြစ်ပါတယ်။

ဘက်စီ အသက်အရွယ် အနည်းငယ်ရလာတဲ့အခါ ဆယ်မြူရယ်ဟာ သူ့ မိသားစုကို လူတွေယောက်ယက်ခတ်သွားလာနေကြတဲ့ ဖီလာဒယ်ဖီးယားမြို့ကို ပြောင်းရွှေ့နေထိုင်စေခဲ့တယ်။ သူဟာ တိုးပွားလာနေတဲ့ သူ့ မိသားစုအတွက် အခန်းပေါင်း ၁၁ ခန်းပါဝင်တဲ့ အိမ်ကြီးတစ်လုံးကိုဆောက်ခဲ့တယ်။ အခြားဘာသာရေးတွေ ထွန်းကားနေချိန်နဲ့မတူ ခရစ်ယာန်သဟာယအဖွဲ့ဝင်တွေဟာ ယောက်ျားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ပညာတတ်ရမယ်လို့ ယုံကြည်ထားကြတယ်။ ဘက်စီ ၆ နှစ် သမီးအရွယ်ရောက်တဲ့အခါ ကျောင်းစနေတယ်။ သူဟာ ခရစ်ယာန်သဟာယကျောင်းကိုသွားပြီး ရီဘက်ကာဂျုံးစ်လို့ခေါ်တဲ့ ဆရာမစီမှာ စတင်လို့ပညာသင်ယူခဲ့တယ်။

ကျောင်းသားကျောင်းသူတွေဟာ စာဖတ်ကြ၊ သင်္ချာတွက်ကြနဲ့ လေ့လာသင်ကြားရတယ်။ သူတို့ဟာ တစ်ပတ် ၅ ရက် အတန်းတက်ရတယ်။

ပြီးတော့ စနေနေ့ မနက်လည်း ထပ်တက်ရတယ်။ ပုံမှန်သင်ကြားရတဲ့ သင်ခန်းစာထဲမှာ မိန်းကလေးတွေဟာ အဝတ်အစားချုပ်လုပ်နည်းတွေ သင်ကြားရတယ်။ ၁၇၀၀ ပြည့်နှစ်တွေမှာ မိသားစုအများစုဟာ သူတို့အဝတ်အစားတွေကို သူတို့ကိုယ်တိုင်ပဲ ချုပ်ဝတ်ကြပါတယ်။



ဘက်စီဟာ သူ့ အဒေါ်ကြီး ဆာရာဂရစ်ကွမ်ဆီက စက်ချုပ်ပညာကို ဝိုမိုသင်ကြားခဲ့တယ်။ အဒေါ်ကြီးမှာ ဝိန်းမအတွင်းခံအကျီချုပ်တဲ့ ကိုယ်ပိုင် လုပ်ငန်းရှိတယ်။



# အဖွဲ့ဝင်မိတ်ဆွေများ

၁၅၀၀ ပြည့်နှစ်များနှင့် ၁၆၀၀ ပြည့်နှစ်များတွင် ဥရောပ၌ ခရစ်ယာန်သစ်လှုပ်ရှားမှု တချို့ပေါ်ပေါက်ခဲ့ ပြီး ကက်သလစ်ဘုရားကျောင်းကြီးများဆီမှ ခွဲထွက်လာကြသည်။ ဂျော့ဖော့က်ဟုခေါ်သော အင်္ဂလိပ်လူမျိုး တစ်ယောက်သည် ကွေကာ (ခေါ်) အဖွဲ့ဝင်မိတ်ဆွေများ အသင်းကို တည်ထောင်ခဲ့သည်။ သူတို့သည်ရှေးဟောင်းအယူသီးသော ဘုန်းတော်ကြီးများ၊ ကိုယ်ကျင့်တရားဆိုင်ရာ ဟောပြောချက်များ၊ အတွေးခေါ်အယူဝါဒများနှင့် ကင်းဝေးအောင် ပြုလုပ်ကြသည်။ နောက် အင်္ဂလန်ဘုရားကျောင်းနှင့်လည်း လမ်းခွဲဖောက်ထွက်လာသည်။ သူတို့သည်အတွင်းအလင်းရောင်ကို



GEORGE FOX

ကြည့်ရှုပြီး ဘုရားသခင်ထံ ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ကွေကာ (ခေါ်) ခရစ်ယာန်သဟာယအဖွဲ့သည် သူတို့လုပ်ငန်းများ လုပ်ဆောင်ရာတွင် အလွန်ပင် တိတ်တဆိတ် ဆောင်ရွက်ကြပါသည်။ မည်သို့ပင်ဖြစ်စေ အကယ်၍ လူများသည် သူတို့၏ အတွင်းအလင်းရောင်ဖြင့်လှုပ်ရှားကြပြီးထိုအကြောင်းအရာများကို ပြောဆို ဖွင့်ထုတ်ကြပါသည်။

အမေရိကားအတွက် အင်္ဂလန်မှ ထွက်ခွာလာသော ခရစ်ယာန်သဟာယအဖွဲ့ဝင်များသည်ရိုဒီကျွန်းနှင့် ပင်ဆယ်



WILLIAM PENN


ဗေးနီးယားတွင် အဓိက အခြေချကြပါသည်။ ကွေကာအသင်းဝင်တစ်ဦးဖြစ်သော ဝီလျှမ်ပန်သည် ခရစ်ယာန်သဟာယ အခြေခံစည်းမျဉ်းများအတိုင်း ပင်ဆယ်ဗေးနီးယားတွင် စတင်ထူထောင်ပါသည်။ သူသည် လူတို့ မည်သို့ရွေးချယ်ပြီး ကိုးကွယ်ရမည်ကို ယုံကြည်မှုရှိစေရန်တိုက်တွန်း အားပေးခဲ့သည်။ သူသည် သူ၏မြို့တော် ဖီလာဒယ်ဖီးယားကို 'ညီနောင်ချင်း ချစ်ကြည်သောမြို့' ဟု အမည် ပေးပါသည်။

ခရစ်ယာန်သဟာယ အဖွဲ့ဝင်များသည် မည်သည့်စစ်၊ မည်သည့် အကြမ်းဖက်မှုကိုမဆို ဆန့်ကျင်ကြသည်။ သူတို့သည် တော်လှန်ရေးစစ်ပွဲအတွင်း စစ်တပ်တွင်းသို့ဝင်ရန် ငြင်းဆန်ကြပြီး အခြားနည်းလမ်းဖြစ်သော အစားအစာနှင့် ဆေးဝါးများဖြင့် ကူညီထောက်ပံ့ပေးခဲ့ ကြသည်။

သူတို့မိတ်ဆွေ အဖွဲ့ဝင်များသည် မြောက်များလှစွာသော မတူညီသည့် အုပ်စုများအဖြစ် ကွဲပြားနေကြသည်။ သို့သော် ခရစ်ယာန်သဟာယအဖွဲ့ဝင်များအဖြစ် လူအများက ကိုးကွယ်နေကြဆဲဖြစ်သည်။ ယနေ့တွင် ကွေကာအုပ်စုကြီးများကို ကင်ညာ၊ ဂွာတီမာလာနှင့် ဗြိတိန်တို့မှာ ရှာဖွေတွေ့ရှိနိုင်ပါသည်။


# အခန်း - ၂
# အလုပ်လုပ်ဖို့ အချိန်တန်ပြီ

ဘက်စီရဲ့အစ်မအကြီးတွေအားလုံးဟာ အပျိုပေါက်အရွယ်မှာပဲ အလုပ် စလုပ်ကြတယ်။ အမေရိကန်ကိုလိုနီတွေရဲ့ စောစောပိုင်း အချိန်ကာလတွေမှာ အိမ်ထောင်ပရိဘောဂ အဖုံးအစွပ် လုပ်သူတွေဟာ ခန်းဆီးတွေ၊



မွေ့ရာခင်းတွေ၊ ကူရှင်တွေနဲ့ ခေါင်းအုံးစွပ်တွေ ပြုလုပ်ကြပါတယ်။ သူတို့ဟာ ပရိဘောဂတွေလည်း လုပ်ကြတယ်။ ဆိုဖာနဲ့ သက်တောင့်သက်သာ ကုလားထိုင်တွေ လုပ်ကြတယ်။ အဖုံးအစွပ်လုပ်သူ တချို့က အလံတွေ လုပ်ကြပါတယ်။

အဲ့ဒီအချိန်မှာ ဇီလာဒယ်ဖီးယားဟာ ပရိဘောဂ အဖုံးအစွပ်လုပ်သူ တစ်ယောက်အနေနဲ့ နေရာဌာနကြီး ဖြစ်နေတယ်။ လူချမ်းသာအများစု နေထိုင်ရာလည်း ဖြစ်တယ်။ သူတို့ဟာ ငွေကြေးချမ်းသာကြပြီး သူတို့အိမ်တွေကို လှလှပပ ရှိနေစေချင်သူတွေဖြစ်တယ်။ သူတို့ဟာ လှပဆန်းပြားတဲ့ ကုလားထိုင်တွေ၊ လှပတဲ့စားပွဲခင်းတွေနဲ့ ဥရောပက တင်သွင်းတဲ့ ကတ္တီပါ အပျော့စား ဆိုဖာအဖုံးစွပ်တွေ အမှာများစွာရရှိကြပါတယ်။ ရွှန်ဝက်စတာ





ဆိုင်က အလုပ်သမား တချို့ဟာ ခန်းစီးတွေကို အလှဆင်ဖို့ ပန်းပွားတွေနဲ့ အနားမြိတ်တွေသာ ချုပ်လုပ်ကြရပါတယ်။ ကျွမ်းကျင်တဲ့ လက်ချုပ်သမားတွေဟာ ချုပ်ရိုးလိုက်ပြီး နာရီပိုင်းအတွင်း ကောင်းမွန်တဲ့ အိမ်အသုံးအဆောင်တွေ ချုပ်လုပ်ပေးကြပါတယ်။

မစ္စတာဝက်စတာမှာ ကူညီသူတွေ အများအပြား ရှိပါတယ်။ တချို့က လခပေးရတဲ့ အလုပ်သမားတွေ၊ သူတို့ဟာ အချိန်ပြည့်အလုပ်လုပ်ဖို့ လေ့လာရင်း လုပ်သွားကြပါတယ်။ တခြား အလုပ်သင်တွေလည်း ရှိတယ်။ အလုပ်သင်တစ်ယောက်ဟာ လုပ်ငန်းထဲမှာ လေ့လာသင်ကြားနေသူ ဖြစ်တယ်။ သူတို့ဟာ လုပ်ခအများကြီး မရပေမဲ့ ကိစ္စမရှိ၊ ဒါပေမဲ့ သူတို့ ဟာ

တစ်နေ့မှာ အချိန်ပြည့်လုပ်ရမှာဖို့ လေ့လာနေရတာကို လုံလောက် တယ်လို့ မျှော်လင့်ထားကြတယ်။

၁၇၆၄ ခုနှစ်မှာ ဘက်စီဟာ အသက် ၁၂ နှစ်ရှိပြီ ဖြစ်ပြီး အစ်မတွေ ရှိနေတဲ့ မစ္စတာဝက်စတာဆိုင်ကို အလည်သွားတယ်။ ဝက်စတာဟာ ဘက်စီ စွမ်းရည်ကို မြင်သွားတယ်။ သူက သူမကို အလုပ်သင်လုပ်မလားလို့ မေးရင်း လက်မှတ်ထိုးခိုင်းတယ်။ အဲဒီအချိန်ကာလမှာ ကလေးသူငယ်တွေ အတွက် သူတို့အိမ်အပြင်ထွက် အလုပ်လုပ်ဖို့ ထုံးစံမရှိဘူး။ အခြားမိန်းက လေးတွေဟာ အဲဒီဆိုင်မျိုးတွေမှာ အလုပ်လုပ်ရင်လုပ်၊ ဒါမှမဟုတ် မီးဖို ချောင်ဝင်၊ အိမ်ကူလုပ်နဲ့ ဖြစ်နေကြတယ်။ ယောက်ျားလေးတွေကတော့ ပုံနှိပ်သူတွေ၊ လက်သမားတွေ၊ ပန်းချီဆိုင်းဘုတ်ဆွဲသူတွေ၊ ဒါမှမဟုတ် မြင်းထိန်း၊ လှည်းကြည့်သူတွေ ဖြစ်နေကြပါတယ်။

ဘက်စီဟာ တစ်ပတ်မှာ ၆ ရက် အလုပ်ဆင်းတယ်။ သူမဟာ အလုပ်သမားတွေ အလိုရှိတဲ့ ကုန်ကြမ်းတွေကို စုပေးရတယ်။ အဝတ်စတွေ၊ အပ် တွေနဲ့ အပ်ချည်ကြိုးတွေ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ သူမဟာ ဝယ်သူ တွေဆီ လိုက်လံပေးပို့ရတယ်။ နောင်မှာ သူမဟာ အပ်ချုပ်သမကောင်း တစ်ယောက် ဖြစ်လာခဲ့တယ်။ သူမဟာ အလုပ်များတဲ့ မြို့တစ်မြို့က အလုပ် များတဲ့ဘဝပိုင်ရှင် ဖြစ်သွားတယ်။

၁၇၆၅ ခုနှစ်မှာ ဗြိတိသျှနိုင်ငံကြီးက သူ့ရဲ့အမေရိကန်ကိုလိုနီတွေကို အခွန်သစ် ကောက်ခံလာပါတယ်။ အခွန်သစ်တင် မဟုတ်ပါ၊ ကိုလိုနီပြည် နယ်တွေအဖြစ် လက်အောက်ခံတွေ အားလုံးပဲ သူတို့ရဲ့ တတိယမြောက်



ရှေ့ဘုရင်အပေါ် သစ္စာရှိဖို့ မျှော်လင့်ကြပါတယ်။ ဒါပေမဲ့ အခွန်သစ်ဟာ ကိုလိုနီသားတွေကို ဒေါသထွက်စေပါတယ်။ တံဆိပ်ခေါင်းခွန်အရ စာရွက်တစ်ရွက်ချင်းပေါ်မှာ အထူးတံဆိပ်ခေါင်းတစ်ခု အမြဲရှိနေရမှာ ဖြစ်တယ်။ အဲဒီတံဆိပ်ခေါင်းတွေဟာ ကိုလိုနီငွေတွေနဲ့ ကုန်ကျခံရပါတယ်။




အဲ့ဒီ ငွေတွေကို အင်္ဂလန်ကို ပြန်ပို့ပြီး ဘုရင်နဲ့ ဗြိတိသျှစစ်တပ်ကို ထောက်ပံ့ပါတယ်။ ဗီလာဒယ်ဖီးယား၊ နယူးယောက်၊ ဘော်စတွန်မြို့များရှိ အမေရိကန်တွေဟာ အခွန်သစ်ကို ဆန့်ကျင်ဖို့ ပြောဆိုနေကြပါတယ်။ ဘက်စီလို သာမန် ပြည်သူတွေဟာ ဗြိတိသျှနိုင်ငံကြီးရဲ့ အုပ်ချုပ်နည်းတွေကို ဆန့်ကျင်ဖို့ ပြောဆိုချက်တွေကို စတင် အလေးထားလာကြပါတယ်။ နောက်ဆုံးကျတော့ ဗြိတိသျှတို့ဟာ တံဆိပ်ခေါင်းခွန်ကို ပယ်ဖျက်လိုက်ရတယ်။ ဒါပေမဲ့ အမေရိကန် ကိုလိုနီသားတွေဟာ ဗြိတိသျှနိုင်ငံကြီးကို အခွန်အကောက်ငွေတွေ ပေးပို့ဖို့အတွက် ဝိုပြီးခက်ခဲလာပါတော့တယ်။

နောင်နှစ်ပေါင်းများစွာကြာတဲ့အခါ ဘက်စီဟာ မစ္စတာဝက်စတာအတွက် အလုပ်တွေ တရကြမ်း ဆက်လုပ်ပေးပါတယ်။ အင်္ဂလန်နဲ့ အမေရိကန်ကိုလိုနီတွေကြားမှာ တင်းမာမှုက ပိုကြီးလာပါတယ်။ ဒါပေမဲ့ ၁၇၇၃ ခုနှစ်မှာ ဘက်စီဟာ သူမနိုင်ငံရဲ့ နိုင်ငံရေးကို သိပ်သတိမထားမိတော့။ သူမဟာ အခြားဆိုင်အလုပ်သမား ဂျွန်ရို့စ်အမည်ရှိတဲ့ လူတစ်ယောက်နဲ့ ချစ်ကြိုက်သွားပါတယ်။

ဂျွန်ရို့စ်ဟာ ခရစ်ယာန်သဟာယအဖွဲ့ဝင် မဟုတ်လို့ ပြဿနာတစ်ခုတော့ ရှိလာပါတယ်။

# အခွန်ကောက်ခံခြင်းကို ကိုယ်စားမပြုခြင်း


တံဆိပ်ခေါင်းခွန်ကြောင့် ကိုလိုနီသမားများသည် ဒေါသထွက်ပြီး အခွန်ပေးဆောင်ရန် ကိစ္စများကို စိတ်ပျက်သွားပြီး သူတို့သည် အခွန်ဆောင်ခြင်းကြောင့် အင်္ဂလန်နှင့် သူတို့ကိုလိုနီများကို ကူညီပေးမည်ဟု မျှော်လင့်ကြပါသည်။ ကိုလိုနီဖြစ်နေသူများသည် အင်္ဂလန်အစိုးရ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပါလီမန်တွင် အတည်ပြုလိုက်သော အခွန်များ အကြောင်းကို စကားတစ်ခွန်းပဲ ပြောချင်နေသည်။ သူတို့ပြုလုပ်လိုက်သော ဥပဒေကို သဘောမတူကြောင်းဖြစ်သည်။ နောက် တတိယမြောက် ဂျော့ဘုရင်သည် ဥပဒေအားလုံးကို လက်မှတ်ထိုးလိုက်ခြင်းကိုလည်း သဘောမတူကြောင်းလည်း ပြောချင်ပါသည်။ အမေရိကန်များသည် သူတို့၏ ကိုယ်ပိုင်အခွန်များ ပြဋ္ဌာန်းမှုကို မဲမထည့်ကြပေ။



KING GEORGE III

ထင်ပေါ် ကျော်ကြားသော အမေရိကန်တို့၏ ကြွေးကြော်သံက 'ကိုယ်စားလည် မပါဝင်သော အခွန်ကောက်ခြင်း အလိုမရှိ' ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန် ကိုလိုနီသမားများသည် ပါလီမန်တွင် သူတို့ ကိုယ်စားလှယ်များ မပါဝင်သောကြောင့် ဖြစ်သည်။ ၁၇၆၀ ခုနှစ်များ နောက်

၁၇၇၀ ခုနှစ်များ အစောဆုံးအချိန်များတွင် အင်္ဂလန်သည် အခြား အခွန်သစ်များကို တင်ပို့လာသည်။ အမေရိကန်များ သည် အားလုံးကို ကန့်ကွက်ခဲ့ကြသည်။ အထင်ရှားဆုံး အခွန် ဆန့်ကျင်ရေးသည် ဘော်စတွန် လက်ဖက်ခြောက်ပါတီ ဖြစ်ပါ သည်။ ၁၇၇၃ ခုနှစ် ဒီဇင်ဘာလများတွင် မက်ဆာချူးဆက်၊ ဘော်စတွန်၌ရှိသော မျိုးချစ်များသည် ဘော်စတွန် ဆိပ်ကမ်း သို့ ရောက်လာသော အင်္ဂလန် လက်ဖက်ခြောက်သေတ္တာကြီး များကို စုပုံပစ်ချထားကြပါသည်။ သူတို့သည် လက်ဖက်ခြောက် ကြိုက်သူများ ဖြစ်ပင်ဖြစ်ငြား လက်ဖက်ခြောက်အခွန် ပေး ဆောင်ခြင်းမပြုကြဘဲ သင်္ဘောဖြင့်သယ်ဆောင်လာသမျှ အား လုံးကို ဖျက်ဆီးလိုက်ကြသည်။ ဘော်စတွန် လက်ဖက်ခြောက် ပါတီသည် ဗြိတိသျှအစိုးရနှင့် တတိယခြောက်ဂျော့ ဘုရင်ကို စိတ်ဆိုးမာန်ဆိုးဖြစ်စေခဲ့ကြပါသည်။ နှစ်နှစ်ပင်မကြာ အမေ ရိကားတွင် တော်လှန်ရေးသမားများ၏ စစ်သည် စတင်ဖြစ် ပွားလာပါသည်။



# အခန်း – ၃

# ဇစ်

သဟာယအဖွဲ့ဝင် မိတ်ဆွေတွေဟာ ခရစ်ယာန်သဟာယအဖွဲ့ဝင် မဟုတ်တဲ့သူတွေနဲ့ လက်ထပ်ထိမ်းမြားရင် သူတို့အဖွဲ့ကို အဖွဲ့ဝင်အဖြစ် ခွင့်မပြုပါဘူး။ သူတို့ဟာ သူတို့ဘုံအဖွဲ့မှာ အတူတကွ တွဲမနေချင်ကြ။ ဂွန်ဟာ အောင်မြင်သူတစ်ယောက် ဖြစ်တယ်။ သူ့ကိုယ်ပိုင် အဖုံးအစွပ်ဆိုင်လည်း ဖွင့်ထားသူ ဖြစ်ပါတယ်။ အဲဒီနောက် သူဟာ ကောင်းမွန်တဲ့ မိသားစုက ဆင်းသက်လာသူလည်း ဖြစ်တယ်။ သဟာယအဖွဲ့ဝင် မိတ်ဆွေတွေအစား ဂွန်ဟာ အင်္ဂလန် ဘုရားရှိခိုးကျောင်းကို ရောက်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ဘက်စီမိဘတွေဟာ ဂွန်နဲ့ သူမ လက်ထပ်ခြင်းကို သဘောမတူတဲ့အတွက် ဖြစ်တယ်။

ဘက်စီနဲ့ ဂွန်ဟာ နိုးရာလိုက်ပြေးခဲ့ကြတယ်။ သူတို့ဟာ နယူးဂျာစီ၊ ကလောက်စတားအနီးရှိ ဒီလာဝဲယားမြစ်ကို ဖြတ်ကူးခဲ့ကြရပါတယ်။ ၁၇၇၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ 'ဟက်အာဝန်' အမည်ရှိတဲ့ သစ်တောမီးကြီး လောင်ခဲ့တဲ့နေရာ အနီးအနားရှိ တည်းခိုဆောင်မှာ သူတို့ဟာ ခင်ပွန်းနဲ့ ဇနီးသည် ဖြစ်သွားခဲ့ပါတယ်။

သူမ လက်ထပ်ပြီးနောက် ဘက်စီဟာ ခရစ်ယာန်သဟာယအဖွဲ့ဝင်အဖြစ် အတင်းအကြပ် နုတ်ထွက်ခိုင်းလို့ နုတ်ထွက်ခဲ့ရတယ်။ ရှိစ်ကို

လက်ထပ်တဲ့အတွက် နှစ်ကြိမ်နှစ်ခါ တောင်းပန်မလားလို့ မေးသေးတယ်။ ဒါပေမဲ့ သူမ ငြင်းဆန်လိုက်တယ်။ သူမက လက်ထပ်ခြင်းအတွက် ဝမ်းနည်းပါတယ်လို့ ဘယ်တော့မှ ပြောမှာမဟုတ်၊ သူမဟာ ဂျွန်ကို ချစ်ခင်မြတ်နိုးခဲ့ပြီ ဖြစ်တယ်။ ဘက်စီဟာ ဖီလာဒယ်ဖီးယားမှာရှိတဲ့ ဒုတိယလမ်းပေါ်က



'ခရစ်ယာန်ဘုရားကျောင်း' အမည်ရှိ ဂျွန်ရဲ့ ဘုရားကျောင်းကို ဆက်သွယ်လိုက်တယ်။ မစ္စတာဝက်စတာဆိုင်ကလည်း ထွက်လိုက်တယ်။ ဂျွန်နဲ့ လက်တွဲပြီး အလုပ်စတင်လုပ်ပါတော့တယ်။



ဘက်စီနဲ့ဂျွန်ရဲ့ အိမ်ထောင်သည်ဘဝ အစနိုဒါန်းဟာ ဖီလာဒယ်ဖီးယားမှာ စိတ်အလှုပ်ရှားဆုံးအချိန်တွေ ဖြစ်တယ်။ လက်ဖက်ခြောက်အခွန်ကောက်ခံတာအပေါ် ဒေါသထွက်နေကြတဲ့ အမေရိကန်တွေဟာ အခြားစော်ကားမော်ကားခံရတာတွေအတွက် ပိုပြီး ဒေါသထွက်လာကြပါတယ်။ ပြည်သူပြည်သားတွေဟာ အတူတကွ တားဆီးကြပြီး ပြောင်းလဲဖို့ အင်းအားစုကြပါတယ်။ ၁၇၇၄ ခုနှစ် နွေရာသီမှာ ကိုလိုနီခေါင်းဆောင်တွေဟာ ဖီလာဒယ်ဖီးယားမှာ စုစည်းကြတယ်။ သူတို့ဟာ အခြားပြည်နယ်တွေက ရောက်လာကြပြီး သူတို့ရဲ့ နောက်ထပ်လှုပ်ရှားမှုအတွက် စီစဉ်နေကြပါတယ်။

တကယ်တော့ အဲဒီလူတွေဟာ အမေရိကားကို ဗြိတိသျှနိုင်ငံကြီးမှ ခွဲထွက်ပြီး လွတ်လပ်တဲ့နိုင်ငံအဖြစ် ထူထောင်ဖို့ ဆန္ဒရှိကြတယ်။ လွတ်လပ်ရေးဆီ ဦးတည်လျှောက်လှမ်းဖို့အတွက် ကိုလိုနီများဆိုင်ရာ ကွန်ဂရက်မှာ သူတို့ တွေ့ဆုံကြပါတယ်။ ပထမဦးဆုံးအကြိမ် သူတို့ခေါင်းဆောင်တွေဟာ ပြည်နယ်အသီးသီးက ရောက်လာပြီးနိုင်ငံတော်သစ်အတွက် သူတို့ရဲ့ အိပ်မက်တွေကို အတူတကွ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီကွန်ဂရက်က ဂျော့ဘုရင်ဆီစာတစ်စောင် ပို့ပါတယ်။ သူတို့ရဲ့ အခွင့်အရေးကို တောင်းဆိုထားတယ်။ သူတို့ဘဝ လွတ်လပ်မှုနဲ့ ဥစ္စာပစ္စည်းအတွက် ဖြစ်တယ်။



# ကိုလိုနီအစိုးရ

ကိုလိုနီ ၁၃ ပြည်နယ်၏ ပြည်နယ်တိုင်းသည် မတူကွဲပြားသော အခြေချသူအုပ်စုများဖြင့် တည်ထောင်ခဲ့ပါသည်။ သူတို့သည် သူတို့ပြည်နယ်နှင့်သူတို့ မတူကွဲပြားသော အုပ်ချုပ်ရေးများ ရွေးချယ်ထားကြပြီး ဖြစ်သည်။ ဥပမာအားဖြင့် ဗားဂျီးနီးယားဟာ သူတို့ ရွေးချယ်တင်မြှောက်ထားသူများနှင့် သူတို့အစိုးရ အဖွဲ့တစ်ဖွဲ့ ရှိနေသည်။ မေရီလန်းသာ မြေပိုင်ရှင်တွေ မဲဖြင့် အုပ်ချုပ်ပါသည်။ နယူးယောက်သည် ခေါင်းဆောင်တစ်ယောက် ရွေးချယ်၍ ကိုလိုနီအတွက် ဆုံး



ဖြတ်ချက် အများဆုံး ချမှတ်ကြပါသည်။

ထိုကိုလိုနီများသည် နိုင်ငံတစ်နိုင်ငံအဖြစ် အုတ်မြစ်ချခဲ့သော်လည်း ကိုလိုနီခေါင်းဆောင်များသည် အစိုးရအဖွဲ့၏ တစ်ဖွဲ့တည်းသောပုံစံအဖြစ် ပထမဆုံး ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်သည်။ ဂျော်ဂျီယာပြည်နယ်မှအပ ကိုလိုနီပြည်နယ်တစ်နယ်ချင်းကိုယ်စားလှယ်တွေ လွှတ်၍ ပထမဦးဆုံး ကိုလိုနီများဆိုင်ရာ ကွန်ဂရက်ကို ကျင်းပကြပါသည်။ သူတို့က အင်္ဂလန်မှခွဲထွက်ပြီး နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်ဖို့ သဘောတူကြသည်။



ဂျော့ဘုရင်ဟာ သူတို့ တောင်းဆိုမှုကို လျစ်လျူရှုလိုက်ပါတယ်။ ပြည်သူပြည်သား တော်တော်များများဟာ အမေရိကားအတွက် လမ်းတစ်လမ်းသာရှိပြီလို့ သိမှတ်နားလည်ကြပြီး ဗြိတိသျှဥပဒေများကို ချိုးဖောက်နိုင်ဖို့အတွက် တိုက်ပွဲဝင်ဖို့သာ ဖြစ်တယ်။ ဖီလာဒယ်ဖီးယားနဲ့ အခြားပြည်နယ်တွေမှာရှိတဲ့ အမျိုးသားတွေဟာ လက်နက်တွေနဲ့အတူ တိုက်ခိုက်ရေးသင်တန်းတွေ တောင်လုပ်ဆောင်လာကြပါတယ်။ ပွန်ရှိစ်လည်းတစ်ယောက် အပေါ်အခင်း ဖြစ်တယ်။



ရှိုင်နဲ့ ယောက်ျားတွေဟာ သူတို့ကို "တစ်မိနစ်ယောက်ျားများ"လို့ လူသိရှင်ကြား ဖြစ်လာကြတာကို သဘောကျနေကြပါတယ်။ သူတို့ဟာ မုံမှန်ပြည်သူတွေသာဖြစ်ပြီး ဖွဲ့စည်းထားတဲ့ စစ်တပ်တစ်တပ်ရဲ့ အစိတ်အပိုင်း မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ဟာ အလုပ်ဆင်းပြီဆိုရင် သင်တန်းတက်ကြတယ်။ ဒါကြောင့် သူတို့ပြုမူလှုပ်ရှားမှုအရ ခေါ်လိုက်တဲ့ သူတို့ဟာ "တစ်မိနစ်အတွင်း အသင့်ဖြစ်" ဆိုပြီး သင်တန်းတက်ကြပါတယ်။ လူငယ်များ အများစု ဖြစ်ကြတယ်။ ရွာငယ်ကလေးမှာ အခြေချနေထိုင်သူတိုင်းသည် သူတို့ကိုယ်ပိုင် တစ်မိနစ်ယောက်ျားများယူနစ်ဆိုပြီး ရှိနေကြပါတယ်။



တစ်မိနစ်ယောက်ျားများဟာ သူတို့ရဲ့ ထွန်ခြစ်တွေနဲ့ ရွှံ့ခံရေ့ဖုံးပိတ်စများကို ချွတ်ပစ်လိုက်ကြပြီး သူတို့ သေနတ်တွေကို ကောက်ကိုင်ကြပါတယ်။ ၁၇၇၅ ခုနှစ်၊ ဧပြီလ ၁၉ ရက် မက်ဆက်ချူးဆက်၊ လက်ဇင်တန်မှာ အမေရိကန်တော်လှန်ရေးစစ်ပွဲ စတင်ဆင်နွှဲပါတော့တယ်။ ဘော်စတွန်မြို့ပြင်ဘက်ကလေးမှာ တစ်မိနစ်ယောက်ျားများဟာ ဗြိတိသျှတပ်တွေနဲ့ လမ်းပေါ်တိုက်ပွဲတွေ ဖြစ်ပွားခဲ့ကြပါတယ်။

ဗြိတိသျှတပ်သားတွေဟာ ဖီလာဒယ်ဖီးယားမှာ မရှိပေမဲ့ လူတိုင်းက သူတို့လာနေကြပြီလို့ သိကြပါတယ်။ ဘက်စီနဲ့ ဂျွန်ဟာ စိုးရိမ်လျက်ရှိကြပါတယ်။ ဒါပေမဲ့ သူတို့အလုပ် သူတို့လုပ်ကြတယ်။ သူတို့ဟာ



ကုလားထိုင်တွေနဲ့ ခန်းစီးတွေလည်း လုပ်ကြတယ်။ မင်္ဂလာဆောင်အတွက် စားပွဲခင်းတွေ ချုပ်ကြတယ်။ ဒါပေမဲ့ တစ်နေ့တာ အလုပ်ပြီးရင် ဂျွန်ဟာ တစ်မိနစ်ယောက်ျားများနဲ့ သင်တန်းအတူ တက်ကြတယ်။

၁၇၇၆ ခုနှစ် စောစောပိုင်းက ဂျွန်ဟာ ဒဏ်ရာဆိုးဆိုးဝါးဝါး ရသွားခဲ့တယ်။ ဘာဖြစ်သွားသလဲလို့ ဘယ်သူမှ သေသေချာချာ မသိကြဘူး။ သူဟာ အစောင့်တာဝန်ကျနေတုန်း ယမ်းမှုန့်တွေ ပေါက်ကွဲပြီး ဒဏ်ရာရသွားတာ ဖြစ်နိုင်ပါတယ်။ အခြားအမြင်အရ သူဟာ သင်တန်းတက်နေချိန် ဒဏ်ရာရသွားတယ်လို့ လွယ်လွယ်ကလေး ပြောဆိုနေကြတယ်။ သေချာပါတယ်။ ဂျွန်ဟာ သူ့ဒဏ်ရာတွေနဲ့ ကွယ်လွန်သွားပါတယ်။ ၁၇၇၆ ခုနှစ် ဇန်နဝါရီလ၊ ၂၁ ရက်နေ့ ဖြစ်တယ်။ သူ့ကို ဖီလာဒယ်ဖီးယားမှာ မြေမြှုပ်သင်္ဂြိုဟ်ပါတယ်။




ဘက်စီရိုစ်ဟာ အသက် ၂၄ နှစ်ပဲ ရှိသေးတယ်။ စစ်ကြီးဖြစ်ပွားတဲ့ အလယ်လောက်မှာ သူမ မိသားစုနဲ့ သူမ ကံကြမ္မာတွေဟာ ခွဲခြားပစ်တာခံရလို့ သူဟာ အခုအခါ မုဆိုးမတစ်ယောက် ဖြစ်သွားပါတယ်။

# အခန်း – ၄
# အလံတော်သစ်

ဂျွန်ကွယ်လွန်သွားလို့ သူပိုင်ဆိုင်တာတွေကို အမွေဆက်ခံလိုက်ရတယ်။ ဘက်ဇီဟာ ဆိုင်ပိတ်လိုက်ရတယ်။ လအနည်းငယ်ကြာတဲ့အခါ သူဟာ ကိုယ်ပိုင်ဆိုင်တစ်ဆိုင်ကို ရဲဝံ့စွာ ဖွင့်လိုက်တယ်။ သူမ တစ်ယောက်တည်း ဆိုင်အလုပ်တွေ လုပ်ရတာ မလွယ်လှဘူး။ သူမဟာ ဝယ်သူအသစ်တွေ တွေ့လာတယ်။ ငွေတောင်းခံလွှာတွေ ရလာတယ်။ အမှာငွေလည်း ရောက် လာတယ်။ သူဟာ စက်ချုပ်လုပ်ငန်းတွေကို တစ်ယောက်တည်း နိုင်စံလုပ်ပါ တယ်။ ဒါပေမဲ့ သူမ အဒေါ်ကြီး ဆာရာဟာ စောင့်ကြည့်နေပြီး သူမ အလုပ်ရှိရာ အရောက်လာခဲ့တယ်။ ဒါကြောင့် အဒေါ်ကြီးကြောင့် သူမဟာ အလုပ်လုပ်နိုင်ခြင်း ဖြစ်တယ်။

စစ်ပွဲကြီးဟာ ဘက်ဇီလုပ်ငန်းအတွက် ကောင်းကောင်းမွန်မွန် လုပ်ကိုင်ဖို့ အလှည့်ရောက်လာတယ်။ ဒီလာဒယ်ဖီးယားက လူတစ်ယောက်နဲ့ တိုက်ခိုက်ဖို့ ပြင်ဆင်ရတယ်။ သူတို့မှာ အရေးရေးလိုအပ်နေတယ်။ သူမဟာ သူ့အလုပ်ကို ကောင်းစွာ လုပ်နေတယ်။ စစ်သားတွေဟာ စောင်တွေ လိုတယ်။ မွေ့ရာတွေ လိုတယ်။ စစ်တပ်တွေက အလွယ်တကူရွှေ့လို့ရတဲ့ ကုတင်နဲ့ ရွက်ဖျင်တဲတွေ လိုတယ်။ နောက် လူတိုင်းအတွက် အလံတွေ လိုတယ်။







တဖြည်းဖြည်း များပြားလာတဲ့ ကိုလိုနီတပ်တွေရဲ့ တပ်ဖွဲ့တိုင်းဟာ ကိုယ်ပိုင်အလံတွေ လိုအပ်ပါတယ်။ ကိုလိုနီပြည်နယ်တိုင်းဟာ သူတို့အလံနဲ့ သူတို့ ရှိနေကြပြီ ဖြစ်တယ်။ သဘောတွေမှာတောင် အလံတွေ တလှလှနဲ့ ဖြစ်တယ်။ သူတို့ဟာ အမျိုးမျိုး အစားစား ဖြစ်နေကြတယ်။ အလံတိုင်းဟာ သူတို့ဘာသာ သူတို့ လက်နဲ့ချုပ်ကြတယ်။ ဘက်စီဟာ အဲဒီ

အလုပ်အတွက် ပြည့်စုံအောင် စက်ချုပ်ကျွမ်းကျင်သူ ဖြစ်တယ်။ အလံတော်က အလွန်ကြီးနေတယ်။ ဒါပေမဲ့ သူတို့ဟာ ဘယ်ရာသီမဆို တလွင့်လွင့်ဖြစ်နေတာကို သိတယ်။


၁၇၇၆ ခုနှစ်၊ နွေဦးပေါက်ရာသီမှာ ကိုလိုနီအားလုံးအတွက် အလံတစ်လံဟာ ကိုယ်စား မပြုဘူး။ တိုက်ပွဲတွေမှာ အမေရိကန်တပ်တွေဟာ အလံအမျိုးမျိုးကို အသုံးပြုနေကြပါတယ်။ အလံတွေ အားလုံးနီးပါးဟာ ဗြိတိသျှအလံရဲ့ အစိတ်အပိုင်းတွေ ယူထားပါတယ်။ အနီ၊ အဖြူ၊ အပြာတွေ ဖြစ်တယ်။



ကိုလိုနီခေါင်းဆောင်တချို့ဟာ အမေရိကန်ပြည်ထောင်စုလို့အမည်တွင်ဖို့အတွက် အားလုံးကိုယ်စား အလံတစ်လံရှိဖို့ အလိုဆန္ဒရှိကြသည်။ အလံတစ်လံရဲ့ နောက်မှာ ဘယ်သူမဆို စုစည်းနိုင်ပါတယ်။

# အစောပိုင်း ကိုလိုနီပြည်နယ်အလံများ

ကိုလိုနီပြည်နယ်များသည် သူတို့ကိုယ်ပိုင်အလံများ ရှိနေကြသည်။ သို့သော် အများစုသည် 'ယူနီယံဂျက်' ဟုခေါ်သော ဗြိတိသျှနိုင်ငံကြီး၏ အလံကို လွှင့်ထူနေကြပါသည်။ မည်သို့ပင်ဖြစ်စေ တော်လှန်ရေးကာလအတွင်း အလံသစ်ပုံစံ တီထွင်ပြီး လွတ်လပ်ရေး အဓိပ္ပာယ်ကို အထောက်အကူပြုရန် ဖန်တီးပြုလုပ်နေပါသည်။





**'ပြစ်ဒဏ်ထိုက်သော တစ်မိနစ်လူသား၊ ၁၇၇၅'** ဆိုသော အလံသည် ဗားဂျီးနီးယားပြည်နယ်သား စစ်သားမှ လွှင့်ထူနေကြပါသည်။ အလံထဲတွင် မြွေဆိုးတစ်ကောင်နှင့် ကျွန်ုပ်ကို မပေါက်နှင့်ဆိုသော စာလုံးများ ရှိနေပါသည်။

**'ဝါရှင်တန်စစ်သင်္ဘော၊ ၁၇၇၅'** ဆိုသော အလံသည် နယူးအင်္ဂလန်တွင် ထင်ရှားကျော်ကြားနေသော ထင်းရှူးပင်တစ်ပင် ပါနေပါသည်။ ဤအလံသည် ဂျော့ဝါရှင်တန် စီးသော လှေများပေါ်တွင် လွှင့်ထူကြသည်။ ထင်းရှူးပင် ပတ်လည်တွင် ကောင်းကင်ဘုံသို့ အယူခံဝင်ခြင်းဆိုသော စာလုံးများ ရှိနေပါသည်။

**'မဟာယူနီယမ်၊ ၁၇၇၅'** အလံသည် ဝါရှင်တန်ကူညီပေးထားသော အလံပုံစံဖြစ်ပြီး အလံထောင့်တွင် ယူနီယံဂျက် အလံပါနေသည်။ သို့သော် ကြယ် ၁၃ ပွင့်နှင့် အဖြူရောင်အဆင်းများရှိနေ၍ ပဏာမရနေသည်။

'ဝါရှင်တန် ကိုယ်ပိုင်အလံ'သည် အပြာရောင်အလံဖြစ်ပြီး ခြောက်ထောင့်ကြယ် ၁၃ လုံး ပါဝင်ပြီး စစ်ပွဲများမှ ဝါရှင်တန်စခန်းများ အပေါ်တွင် လွှင့်ထူထားသည်။




'တောင်ကုန်း ကတုတ်ကျင်းအလံ၊ ၁၇၇၅' သည် အနီရောင်အလံဖြစ်ပြီးလက်ဝဲဘက်အပေါ်တွင်နာနတ်ပင်တစ်ပင်မှတစ်ပါး အခြားဘာမှ မရှိပေ။ ထိုအလံသည် ၁၇၇၅ ခုနှစ်တွင် တောင်ကုန်းကတုတ်ကျင်း တိုက်ပွဲအတွင်း လွှင့်ထူခဲ့ပါသည်။



ကြီးမြတ်တဲ့ အမေရိကန်ဒဏ္ဍာရီပုံပြင်အဖြစ် ဘက်စီရိုစ်ဟာ ပထမဦးဆုံးဖြစ်တဲ့ အမေရိကန်အလံကို ချုပ်ပေးခဲ့သူ ဖြစ်တယ်။ ဒါအမှန်ပဲလား။ သူ့မိသားစုကတော့ ဒါ … ပုံပြင်တစ်ပုဒ်ပါပဲ။ တိုင်းပြည်သမိုင်းရဲ့ စောစောပိုင်းကာလက အစိတ်အပိုင်းတစ်ရပ်ဖြစ်လာခဲ့တာ ဖြစ်တယ်လို့ ပြောဆိုကြပါတယ်။

တော်လှန်ရေးစစ်ပွဲ စတင်ပြီးနောက် နှစ်ပေါင်း ၁၀၀ နီးပါးမှာ ဘက်စီမိသားစုဟာ ဒီပုံပြင်ကို ပြောခဲ့ကြပါတယ်။ လူကြီးသုံးယောက်ဟာ ဖီလာဒယ်ဖီးယားရှိ သူမဆိုင်ကို အလည်ရောက်လာခဲ့ကြတယ်။ တစ်ယောက်က ရော့ဘတ်ရိုစ်၊ ဂျွန်ရဲ့ ဦးလေး။ သူက ဘက်စီဟာ စက်ချုပ်ကျွမ်း



ကျင်တာ နားလည်သဘောပေါက်တယ်။ ဂျော့ရှိစ်ဟာ ကိုလိုနီတွေရဲ့ ခေါင်းဆောင်၊ ပထမဦးဆုံး တိုက်ပေါင်းစုံ ကွန်ဂရက်မှာ တစ်ဦးတစ်ယောက်ဖြစ်ပါတယ်။ ဒုတိယမြောက်လူကြီးဟာ အခြား ကိုလိုနီခေါင်းဆောင် 'ရောဘတ်မောရစ်' ဖြစ်တယ်။ သူဟာ အလွန်ချမ်းသာကြွယ်ဝသူဖြစ်ပြီး ကိုလိုနီသားများ တိုက်နိုက်သူတွေအတွက် ငွေကြေးတွေ ပို့ပြီး ချီးမြှင့်ဖို့ ကူညီဆောင်မသူလည်း ဖြစ်တယ်။ တတိယမြောက်လူကြီးဟာ ပုံပြင်အရ ပြောရင် 'ဂျော့ဝါရှင်တန်' ဖြစ်တယ်။

# ဂျော့ဝါရှင်တန်



ဂျော့ဝါရှင်တန်သည် ၁၇၃၂ ခုနှစ်တွင် ဗားဂျီးနီးယားၤ၌ မွေးဖွားသည်။ သူသည် လူကြီးလူကောင်း ယာသမားကဲ့သို့ ဘဝတွင် ပျော်ပျော်ရွှင်ရွှင်နေရန် မျှော်လင့်ထားသူ ဖြစ်သည်။ သူ၏ခေါင်းဆောင်မှု စွမ်းရည်နှင့် သူကိုယ်တိုင် ဦးဆောင်သော လွတ်လပ်မှုအပေါ် သက်ဝင်ယုံကြည်မှုသည် သူ၏ဘဝများနှင့် အလွန် ခြားနား သွားပါသည်။

မြေယာထဲတွင် ကြို့နိုင်စွာ ကျန်ရစ်သူတစ်ယောက်ကဲ့သို့ အလုပ်လုပ်ပြီးနောက် ဗြိတိသျှများသည် ဗားဂျီးနီးယားကို ပေါင်းထည့်ရန် မျှော်လင့်ထားသော အချိန်တွင် ဂျော့ဝါရှင်တန်သည် ဗြိတိသျှစစ်တပ်တွင် အမှုထမ်းဆောင်ခဲ့ပါသည်။ သူသည် ကနေဒါမှ ပြင်သစ် အခြေချသူများအား ဆန့်ကျင်တိုက်ခိုက်သော တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ တိုက်ပွဲအပြီးတွင် သူသည် သူ၏ ယာပြင်ကျယ်ကြီး တွင် ဘဝထူထောင်ရန် ပြန်လာခဲ့သည်။ သို့သော် ဗြိတိသျှ များသည် သူ၏ ကိုလိုနီနယ်ပယ်များကို ဘာကြောင့်တစ်ဟုန်ထိုး ဒုက္ခပေးလာသည်များ တိုး တိုးလာပါသနည်း။ သူသည် ဗာဂျီးနီးယား အစည်းအရုံးနှင့် ဆက်သွယ်ပြီး ပထမကိုလိုနီများ ကွန်ဂရက်သို့ စေလွှတ်ခြင်း ခံရသည်။ သူ၏ စစ်ရေးအတွေ့အကြုံသည် ကိုလိုနီများ၏ တပ်မတော်အသစ်ကို ဦး ဆောင်ရန် သဘာဝတရားက သူ့ကို ရွေးချယ်ပေးလိုက်ပါသည်။

ဗိုလ်ချုပ်ဝါရှင်တန်သည် တော်လှန်ရေးစစ်ပွဲ တစ်လျှောက်လုံး စစ်တပ်ကို ဦးဆောင်ခဲ့ပါသည်။ သူသည် ရဲ့ရင့်သော ဆုံးဖြတ်ချက်များ ချမှတ်ပြီး သောင်းပြောင်းထွေလာ လူမျိုးစုံစုထားသော တပ်သားသစ်များကို အောင်ပွဲခံ တပ်မတော်အဖြစ် အသွင်ပြောင်းခဲ့သည်။ ၆ နှစ်မျှ ကြာပါ သည်။


သို့သော် အမေရိကန်များသည် ကြီးမားသော ဗြိတိသျှတပ်ကို နှိမ်နင်းခဲ့ပြီး စစ်ပွဲကို အနိုင်ရခဲ့ပါသည်။ ၁၇၈၃ ခုနှစ်တွင် တရားဝင်စစ်ပွဲ ပြီးဆုံးကြောင်းစာချုပ်ကို လက်မှတ်ထိုးကြပါသည်။

အမျိုးသားသူရဲကောင်းအဖြစ် အောင်ပွဲ ဆက်ခံရသော ဝါရှင်တန်သည် ၁၇၈၉ ခုနှစ်တွင် တိုင်းပြည်၏ ပထမဦးဆုံးသော သမ္မတဖြစ်လာခဲ့ပါသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ထက်သန်သော ခေါင်းဆောင်မှုနှင့်အတူ ယုံကြည်မှုများသည် သူ့ကို မဟာဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်စေပြီး နိုင်ငံသစ်၏ မတူကွဲပြားသော အစိတ်အပိုင်းများ ပိုမိုစည်းရုံးရန် အကူအညီပေးခဲ့ပါသည်။ ကွန်ဂရက်နှင့်အတူတူ လုပ်ကိုင်ဆောင်ရွက်ရင်း ဥပဒေနှင့် အုတ်မြစ်ချခဲ့ရာ ယနေ့တိုင် နိုင်ငံကို အုပ်ချုပ်နေရပါသည်။


သမ္မတအဖြစ် သက်တမ်း ၂ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၇၉၇ ခုနှစ်တွင် ရုံးတော်မှ ထွက်လာခဲ့ပါသည်။ နောက် ၂ နှစ် ကြာသော် ဝါရှင်တန် ကွယ်လွန်ခဲ့ပါသည်။ သို့သော် 'ကျွန်ုပ်တို့ တိုင်းပြည်၏ ဖခင်' ဟူ၍ အမည်နာမ ကျန်ရစ်ခဲ့ပါသည်။



၁၇၇၆ ခုနှစ်မှာ ဝါရှင်တန်ဟာ ပြည်နယ်တပ်မတော်သားအသစ်ရဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။ သူတို့သုံးယောက်ဟာ ဘက်စီဆိုင်ကို အလည်လာတဲ့အခါ သူတို့ဟာ အလံတစ်ခုရဲ့ ပုံကြမ်းကို ယူလာခဲ့ကြပါတယ်။ သူတို့ဟာ နမူနာတစ်ခုရရှိဖို့ အလိုရှိနေကြတယ်။ ဘက်စီဟာ ပုံစံအနည်းငယ်ပြပြီး ကောင်းစွာချုပ်နိုင်တယ်။ သူတို့ဟာ လေးထောင့်စပ်စပ် အလံတစ်လံကို ဆွဲပြပါတယ်။ ဘက်စီဟာ အလံကပိုပြီး ရှည်နေတယ်လို့ ပြောလိုက်တယ်။ နောက်သူတို့ပုံကြမ်းဟာ အနီရောင် အစင်း ၁၃ ခုနဲ့ အဖြူရောင်အစင်းတစ်ခုပါနေတာကို ပြပါတယ်။ ကိုလိုနီ ၁၃ ခုအတွက် အစင်းတစ်စင်းစီ ထည့်ထားတာဖြစ်တယ်။ ဘက်စီက ပြန်ပြတယ်။ အဲဒီအစင်းတွေကို အတူတူဖြစ်အောင် ဘယ်လိုချုပ်မလဲဆိုတာ ပြပါတယ်။



အလံရဲ့အပေါ် လက်ယာဘက် ထောင့်မှာ အပြာရောင်လေးထောင့် တစ်ခုရှိတဲ့ နေရာမှာ ကြယ်တွေ ရှိနေပါတယ်။ ကြယ်တွေတစ်ခုချင်းဟာ အစက်ကလေး ၆ စက် ရှိပါတယ်။ ဘက်စီဟာ ကြယ်တွေကို ကြည့်ပြီး အကောင်းဆုံးနည်းလမ်းကို တွေ့သွားတယ်။ သူမဟာ စက္ကူစတစ်စကို ယူပြီး ၈ ကြိမ်တိတိ ခေါက်ကြည့်တယ်။ ကတ်ကြေးနဲ့ တစ်ချက်ဖြတ်လိုက်တယ်။ ထောင့် ၆ ထောင့်ပါတဲ့ ကြယ်ကို လူကြီးတွေပြတယ်။ ဘက်စီက ဒီနည်းနဲ့ ကြယ်တွေပြုလုပ်ရင် ပိုပြီးမြန် ပိုပြီး လွယ်ကူတယ်ဆိုတာ ပြောလိုက်ပါတယ်။



ဝါရှင်တန်နဲ့ အခြားလူကြီးတွေက သူမ ပြလိုက်တာကို ကြိုက်သွားကြပါတယ်။ သူတို့ဟာ အထည်စများ ဝယ်ဖို့ ငွေတချို့ပေးခဲ့ပြီး ဘက်စီထံက ပြန်လာကြပါတယ်။ သူတို့က သူမကို "ကွန်ဂရက်မှာ အလံသစ်ကို ပြသဖို့ နမူနာတစ်ခု လုပ်ပေးနိုင်သလား " လို့ မေးပါတယ်။



ဘက်စီဟာ သူမရဲ့ အလံကို ချုပ်နေတုန်း ပြည်နယ်များ ကွန်ဂရက်မှာ လွတ်လပ်ရေးကြေညာစာတမ်းရဲ့ အချက်အလက်ကို အပြန်အလှန် ပြောနေကြပါတယ်။




ကိုလိုနီခေါင်းဆောင်တွေဟာ ''မည်သည့်နိုင်ငံမဆို အခြားနိုင်ငံကို အုပ်ချုပ်၍မရ''လို့ ပြောကြပါတယ်။ သူတို့ရေးသားကြတာက ''လူအားလုံးသည် တန်းတူညီမျှမှုကို ဖန်တီးပြုလုပ်ရမယ်'' နောက် ဘယ်သူမဆို ''ဘဝလွတ်လပ်မှုနှင့် ပျော်ရွှင်မှု ပေးရေးတို့ကို သူတို့ရဲ့ အခွင့်အရေးတွေအဖြစ် အသိအမှတ်ပြုရမယ်'' ကြေညာစာတမ်းပါ အကြောင်းအရာတွေကို စာရင်းပြုလုပ်ပြီး ဂျော့ဘုရင်နဲ့ ဗြိတိသျှနိုင်ငံကြီးက ကိုလိုနီတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်တယ်။ နောက်ဆုံးမှာ ကိုလိုနီတွေဟာ လွတ်လပ်သွားပြီး လွတ်လပ်တဲ့ ပြည်နယ်တွေအဖြစ် ကြေညာလိုက်ခြင်း ဖြစ်တယ်။




၁၇၇၆ ခုနှစ်၊ ဇူလိုင် ၄ ရက်နေ့မှာ ကြေညာစာတမ်းကို အတည်ပြုလိုက်ပါတယ်။ လွတ်လပ်ရေးနေ့လို့ ဒီနေ့ လူသိရှင်ကြား သိထားကြပါတယ်။ ကြေညာစာတမ်းကို မိတ္တူပွားပြီး ကိုလိုနီတွေဆီ တိုက်ရိုက်ဝေငှလိုက်တော့ ပြည်သူတွေဟာ အုပ်စုလိုက် ဝိုင်းဝန်းဖတ်ကြပါတယ်။ (၄) ရက်ကြာတဲ့အခါ ဘက်စီဟာ လူအုပ်တွေ အထောင်အသောင်းကြားမှာ ရောက်ရှိနိုင်လောက်ပါတယ်။ သူမဟာ ဖီလာဒယ်ဖီးယား လမ်းတွေပေါ်မှာ အသံတွေ ကျယ်လောင်စွာ ဖတ်နေတာတွေကို ကြားပြီး နားထောင်နေပါတယ်။



တစ်နှစ်ကြာတဲ့အခါ ၁၇၇၇ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ကွန်ဂရက်ဟာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အမေရိကန် ပြည်ထောင်စုသစ်ရဲ့ အလံတော်ဥပဒေ ဖြစ်ပါတယ်။ အလံတော်ဟာ ဘက်စီပုံပြင်ထဲမှာ ဖော်ပြထားတဲ့ အလံနဲ့ အတူတူပဲ ဖြစ်တယ်။ ဒါပေမဲ့ ဒီအလံအသစ်ကို ဘက်စီ တကယ်ချုပ်လုပ်ပေးခဲ့သလား။




သမိုင်းဆရာတွေက မိသားစုပုံပြင်တွေကို အထောက်အကူပြုဖို့ သက်သေခံ အထောက်အထားကို ရှာဖွေတွေ့ရှိတာ မရှိခဲ့ဘူး။ တိကျခိုင်လုံတဲ့ သက်သေအထောက်အထား မရှိပေမဲ့ ဘက်စီဟာ နှစ်ပေါင်းများစွာ အလံတွေကို ချုပ်လုပ်ရင်း တစ်ချိန်လုံး အချိန်တွေ အသုံးပြုခဲ့ပါတယ်။ အလံတွေထဲမှာ ကြယ်တွေ၊ အစင်းအကြောင်းတွေဟာ အမှန်တကယ် ပါနေပါသည်။

# အခန်း – ၂
# မွေးရပ်မြို့ကို ကျူးကျော်ခြင်း

၁၇၇၆ ခုနှစ်၊ ဆောင်းရာသီမှာ ပြည်နယ်တပ်ဟာ နယူးယောက်မှာ တိုက်ခိုက်တော့ ရှုံးနိမ့်သွားပြီး နယူးဂျာစီတောင်ပိုင်းကို ဆုတ်ခွာခဲ့ရတယ်။ ကိုလိုနီတွေဟာ ဗြိတိသျှကို တိုက်ပွဲတွေဆင်လျက် ရှိပေမဲ့ မကြာမီ ဒီလာဒယ်ဖီးယားဟာ ဗြိတိသျှတို့ရဲ့ တိုက်ခိုက်မှုတွေကို ကောင်းကောင်းခံနေရတယ်။ ဗိုလ်ချုပ်ကြီးဝါရှင်တန်ဟာ ရဲရဲဝံ့ဝံ့ စိမ်ကိန်းချပြီး ရောက်ရှိလာတယ်။ ဗြိတိသျှတို့ဟာ ဟက်ဆီယန်ဆိုတဲ့ ဂျာမန်တပ်တွေကို ငှားရမ်းပြီး နယူးဂျာစီ၊ တရန်တန်အနီးမှာ တပ်စွဲထားပါတယ်ဆိုတာ သူက သိတယ်။ သူတို့ဟာ ဒီလာဒယ်ဖီးယားမှာ မကြာမီ ထိပ်တိုက်ရင်ဆိုင်ကြရတော့မယ်လို့ လူအများစုက ယုံကြည်ထားကြတယ်။

၁၇၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ဝါရှင်တန်ဟာ ပင်စီဝေးနီးယား၊ မက်ကွန်ကီး ကူးတို့ဆိပ်အနီး၌ တပ်အချို့ကို စုစည်းပါတယ်။ ဒီနေ့ အဲဒီနေရာကို ဝါရှင်တန် ကူးဖြတ်သွားတဲ့ နေရာလို့ သိကြတယ်။ လှေတွေအတွင်း ငြိမ်သက်စွာ ဆင်းသွားကြတဲ့ တပ်သားတွေဟာ ရေခဲနေတဲ့ ဒီလာ





ဝဲယားမြစ်ကို လျှို့လျှို့ဝှက်ဝှက် ဖြတ်ကူးကြပြီး သူတို့ဟာ ခရစ္စမတ်ပါတီတွေ အတွင်း ဟက်ဆီယန်စခန်းတွေဆီ ရောက်ရှိသွားကြတယ်။ သူတို့ကို

အလျှင်အမြန် တိုက်ခိုက်လိုက်ကြတယ်။ နယူးဂျာစီ၊ ပရင်စတန်ရဲ့ အရေး
ကြီးတဲ့ တိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲနိုင်ဖို့ ဝါရှင်တန်နဲ့ သူ့ရဲ့လူတွေ
ရောက်ရှိသွားကြပါတယ်။ သူတို့ဟာ ဖီလာဒယ်ဖီးယားမြောက်ပိုင်းနဲ့ မိုင်
၁၀ ဝေးတဲ့ နယူးဂျာစီ၊ မောရစ်တောင်ရဲ့ ဆောင်းတွင်းကြီးမှာ စခန်းချ
လျက်ရှိတယ်။ ဒါပေမဲ့ စစ်ပွဲဟာ တဖြည်းဖြည်းနဲ့ သော့ချက်ကျတဲ့ မြို့ဆီ
ပိုပြီး နီးကပ်လာပါတယ်။



# ဒရာမာရှိထဲက ပန်းချီကား

၁၈၅၁ ခုနှစ်တွင် အီမန်မြူယယ်လီလိုက်ဇ် အမည်ရှိ ဂျာမန်ပန်းချီဆရာသည် ဒီလာဝဲယားမြစ်ကို ဖြတ်ကူးနေသော ဝါရှင်တန်၏ ထင်ရှားကျော်ကြားသော ပန်းချီကားကို ရေးဆွဲခဲ့ပါသည်။ ထိုပန်းချီကားသည် အမေရိကန်သမိုင်းတွင် လူသိအများဆုံးသော နိမိတ်ပုံများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ပန်းချီဆရာသည် လှေတစ်စင်းထဲတွင် မတ်တတ်ရပ်နေသော ဝါရှင်တန်ကို စိတ်ကူးပုံရိပ်အဖြစ် ရေးဆွဲခဲ့ပါသည်။ သူ့ပတ်ပတ်လည်တွင် ယောကျ်ားသားများသည် လှေကို ခတ်ခဲပင်းပန်းစွာ လှော်ခတ်ရင်း ရေခဲနေသော မြစ်ကို ဖြတ်ကြရပါသည်။ နောက်ခံကားချပ်ထဲတွင်မူ အခြားလှေတစ်စင်းနှ မြင်းတစ်ကောင်က ရပ်လျက် ရှိနေသည်။




သို့သော် လီလိုက်ဇ်သည် အသေးစိတ်များကို ဆွဲရာတွင် အမှားအယွင်းများ ရှိနေသည်။ မြစ်ကို ကူးနေသော အချိန်သည် ညအမှောင်ထဲတွင်ဖြစ်ရာ နေ့ဘက် မဟုတ်ပေ။ ရာသီ


ဥတုက မသာမယာ၊ သို့သော် မိုးရွာနေသည်။ အမှန်တကယ် ဖြတ်ကူးနေစဉ်အတွင်း ယောက်ျားသားအားလုံး မတ်တတ်ရပ်နေကြလိမ့်မည်။ ဝါရှင်တန်တစ်ယောက်တည်း မဟုတ်ပေ။ အနာဂတ်တွင် သမ္မတဖြစ်လာမည့် 'ဂျိမ်းစ်မွန်ရို' သည် ဝါရှင်တန်နှင့်အတူ လှေထဲတွင် ပါနေသည်။ သို့သော် သူသည် နောက်မှ မြစ်ကို ဖြတ်ပါသည်။ 'ပါရင့်စ်ဝပ်ပယ်' ခေါ် လူမည်းတပ်သားတစ်ယောက်သည်လည်း လှေထဲတွင် ပါနေပုံကို ရေးဆွဲထားသည်။ သို့သော် သူသည် ထိုရက်တွင် စစ်တပ်နှင့်အတူ အမှန်တကယ် ရှိနေသူ မဟုတ်ပေ။



အခြားအသေးစိတ်ဆွဲထားသောအတော်များများသည် အမှားများတော့မဖြစ်နိုင်။ ပုံပြင်သည် အမှန်ပင် ဖြစ်သည်။ မြစ်ကို ဖြတ်ကူးသော ဝါရှင်တန်၏ ရဲရင့်သော စီးနင်းမှုသည် ၁၇၇၆ ခုနှစ်၊ ဒီဇင်ဘာလ ညတစ်ည ဖြစ်ပြီး တော်လှန်စစ်၏ ဒီရေအလှည့်အပြောင်းကို ကူညီထောက်ပံ့ခဲ့ပါသည်။


ဖီလာဒယ်ဖီးယားမှာ နောက်ပိုင်းတော့ ဘက်စီဘဝဟာ ထပ်ပြီး ပြောင်းလဲသွားခဲ့ပါတယ်။ 'ဂျိုဇက်အက်ရှ်ဘန်' အမည်ရှိသော စစ်သား တစ်ယောက်နဲ့ တွေ့ခဲ့တယ်။ ၁၇၇၇ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှာ 'ဘက်စီ ရော့စ်'ဟာ 'ဘက်စီအက်ရှ်ဘန်း' ဖြစ်သွားခဲ့တယ်။ ဖီလာဒယ်ဖီးယားရှိ ခရိုက်ဒ်ဘုရားကျောင်းဟောင်းကြီးမှာ အဲဒီစုံတွဲ လက်ထပ် ထိမ်းမြားခဲ့ပါတယ်။





ဘက်စီဟာ အလုပ်ကို အများအပြား ဆက်လုပ်တယ်။ နွေဦးပေါက်မှာ သူမဟာ အရောင်တွေလို့ လှသိမ်များတဲ့ ပင်ဆယ်ဗေးနီးယားသဘော်အလံ တွေအတွက် ၁၄ ပေါင်နဲ့ ၁၂ သျှီလင် (အမေရိကန်ဒေါ်လာ ၂၆၀၀) ရရှိခဲ့တယ်။ အဲဒီအလံတွေထဲက အလံတစ်လံဟာ 'ပက်တီ'လို့ခေါ်တဲ့ နိုင်ငံခြားသွားသဘော်က အလံဖြစ်တယ်။ ဂျိုးဇက်ဟာ သဘော်သားအဖြစ် ချိတ်မိပြီး ဝင်လုပ်ရာ သိပ်မကြာလှ၊ သူတို့လက်ထပ်ပြီးမှ ဝင်လုပ်တာ ဖြစ်တယ်။

အက်ရှ်ဆန်းဟာ ဘက်စီနဲ့လက်ထပ်ပြီး သုံးပတ်ကြာပြီးတဲ့အခါ သူ့ရဲ့သဘော်ဟာ အမေရိကန်ရေတပ် တစ်ဖွဲ့ကလေးရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှေ့ဆုံးက လိုက်ပါလာတယ်။ ပထမဦးဆုံးတိုက်ပွဲထဲက တိုက်ပွဲတစ်ပွဲမှာ သူဟာ ဗီလာဒယ်ဖီးယား အနောက်စပ်စပ်ရှိ ဘရန်ဒီဝိုင်ချောင်းအနီး တိုက်ပွဲဝင်ခဲ့ပါတယ်။



ကိုလိုနီတပ်တွေဟာ ဘရန်ဒီဝိုင်တိုက်ပွဲမှာ ရှုံးနိမ့်သွားခဲ့တယ်။ ဗြိတိသျှတပ်တွေအတွက် လမ်းပွင့်သွားပြီး ရှေ့ဆက်လက်ချီတက်ပြီး ဖီလာဒယ်ဖီးယားကို သိမ်းပိုက်လိုက်ပါတယ်။ ထောင်ပေါင်းများစွာရှိတဲ့ ပြည်သူတွေဟာ ကျေးလက်တောပိုင်းကို ထွက်ပြေးကြရပြီး လုံခြုံအောင် နေကြရတယ်။ ဘက်စီက ဆက်လက်နေထိုင်မယ်လို့ ဆုံးဖြတ်ပြီး သူ့မလုပ်ငန်းကို ဆက်လုပ်ပါတယ်။

၁၇၇၇ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှာ ဗိုလ်ချုပ်ဝီလျှမ်ဟိုးဝဲနဲ့ ဘုရင်ခံကွန်ဝေါလစ်တို့ ဦးဆောင်တဲ့ ဗြိတိသျှတို့ဟာ မြို့တွင်းကို ကြွပြီး ရောက်လာကြတယ်။ အနီရောင်ကုတ်အင်္ကျီဝတ်စစ်သားတွေဟာ တစ်တန်းပြီး တစ်တန်း ချီတက်လာပြီး လမ်းကိုဖြတ်သွားကြရာ ဘက်စီနဲ့ အိမ်နီးချင်းတွေက ကြည့်နေကြပါတယ်။ စစ်တပ် တီးဝိုင်းကလည်း တီးမှုတ်လာတယ်။ ဒါပေမဲ့ ဘယ်သူမှ သီချင်းကြားကြား မဆိုကြ။ စစ်သားတွေဟာ မြို့တွင်း အဆောက်အဦတွေဆီ ရွှေ့ပြောင်းကြပြီး ပန်းခြံတွေမှာ တပ်ဖြန့်ထားပါတယ်။ အရာရှိတွေဟာလည်း လူချမ်းသာနေအိမ်ဂေဟာတွေ တချို့ရဲ့ လူပတဲ့အိမ်တွေကနေပြီး တပ်တွေကိုထိန်းပြီး ညွှန်ကြားနေတယ်။ ဗြိတိသျှတွေဟာ ကွန်ဂရက်ပြုလုပ်ခဲ့တဲ့ အဆောက်အဦတွေမှာတောင် စခန်းချလျက်ရှိတယ်။ သူတို့ဟာ နံရံတွေကို ဖြိုလှဲပြီး တပ်တွေအတွက် အိမ်ထဲမှာ ပထမထပ်တစ်ထပ် ပြုလုပ်လိုက်တယ်။ ဒုတိယထပ်မှာတော့ ဖမ်းရာရတဲ့ အမေရိကန် စစ်သုံ့ပန်းများအတွက် ကုတင်များ ပေးထားပြီး နေရာချထားပါတယ်။




တစ်ပတ်ကြာပြီးတဲ့အခါ ဝါရှင်တန်ဟာ ဂါမန်တောင်အနီးရှိ မြို့အပြင်မှာ စတည်းချနေတဲ့ ဗြိတိသျှတွေကို ကြိုးစားပန်းစား တိုက်ခိုက်ပါတယ်။ ဒါပေမဲ့ ကိုလိုနီတပ်တွေက တိုက်ခိုက်ခံရပြီး နောက်ဆုတ်သွားရတယ်။ နှစ်ဖက်စလုံးက ဒဏ်ရာရတဲ့ တပ်သားတွေကို ဖီလာဒယ်ဖီးယားနောက်ဘက် ၆ မိုင်လောက်အထိ သယ်ဆောင်သွားကြရတယ်။ ဘက်စီဟာမိန်းမသားအများအပြားထဲမှာတစ်ယောက်အပါအဝင်ဖြစ်ပြီး ယောကျ်ားသားတွေကို ဂရုတစိုက် ကူညီဖို့ ပါသွားခဲ့တယ်။ သူတို့ဟာ ပတ်တီးတွေ လိပ်ကြ၊ ကြိုးသိုင်းတွေနဲ့စောင်တွေ ချုပ်ကြနဲ့ လုပ်နေကြပါတယ်။



# တော်ဝင်ရေတပ်




အမေရိကန် တော်လှန်ရေးဖြစ်စတွင် ဗြိတိသျှနိုင်ငံကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရေတပ် ရှိနေပါသည်။ နှစ်ပေါင်း ၁၅၀ နီးပါး ကမ္ဘာ့ပင်လယ်ပြင်ကို အုပ်စိုးခဲ့ပါသည်။ တော်ဝင်ရေတပ်သည် စစ်ရေယာဉ်ကြီး ၁၃၀ နှင့် လှေငယ်ပေါင်း ထောင်ကျော်ရှိပါသည်။ အမေရိကန် ရေတပ်မှာမူ အသစ်ချပ်ချွတ်ဖြစ်သည်။ လက်တစ်ဆုပ်စာ သင်္ဘောကလေးများရှိပြီး ကုန်းမြေမှ အဝေးခရီးကို လုံလုံခြုံခြုံ သွားလာ၍ မရပေ။



ဗြိတိသျှများသည် သင်္ဘောပေါ်တွင် စစ်သားများ သယ်ဆောင်လာပြီး အမေရိကားသို့ ရိက္ခာများ သယ်ဆောင်လာနေကျ ဖြစ်သည်။ ၁၇၇၆ ခုနှစ်တွင် ကျူးကျော်လာသော တပ်ဖွဲ့များသည် နယူးယောက်ဆိပ်ကမ်းသို့ရောက်ရှိလာကြပြီး တပ်သား ၁၂၀၀၀ ကို ခေါ်လာခဲ့သည်။ ဗြိတိသျှသင်္ဘောများသည် ကမ်းခြေရှိမြို့များကို ဗုံးများကြသည်။ နောက်ဘော်စတွန်၊ သို့မဟုတ် ချာလ်စတန်နေရာများကို ရိက္ခာများ မရောက်ရန် တားဆီးကြပါသည်။

သို့သော် စစ်၏ အဓိကကျသော တိုက်ပွဲများသည် ကုန်းမြေပေါ်၌ တိုက်ခိုက်ကြပါသည်။ ၁၇၇၈ ခုနှစ်တွင် ပြင်သစ်သင်္ဘောများသည် အမေရိကန်ဘက်မှနေ၍ စစ်ထဲဝင်လာသည်။ ဤအဖြစ်အပျက်သည် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်သည်။ နောက်ဆုံးတွင်လည်း ဗြိတိသျှရေတပ်သည် စစ်ကြီး၏ ဒီရေကို လှည့်ပြောင်းရန် စွမ်းရည်စွမ်းအား မလုံလောက်တော့ပေ။





အဲ့ဒီလို ရှုံးနိမ့်ပြီးနောက် အတန်ကြာတဲ့အခါ ဝါရှင်တန်ဟာ ပင်ဆယ်ဗေးနီးယား တောင်ကြားပန်းပဲဖိုမှာ ဆောင်းနဲ့နွေဦးအတွက် စခန်းချဖို့ ပြုလုပ်ပါ တယ်။ ၇ လအတွက် သူ့ရဲ့တပ်ဖွဲ့တွေဟာ အမိုးအကာ၊ ဒါမှမဟုတ် အစား အစာတွေ နည်းပါးလာတဲ့ဒဏ်တွေ ခံနေရတယ်။ ဒါပေမဲ့ ဖီလာဒယ် ဖီးယားနဲ့ မိုင် ၂၀ သာဝေးတဲ့ နေရာမှာ ဗြိတိသျှတပ်တွေ ဝိတ် ဆိုထားလို့ ဘာအကူအညီမှမရဘဲ ရှိနေတုန်း ဝါရှင်တန်နဲ့ သူ့ရဲ့တပ်ဖွဲ့တွေ ချီတက်လာ ပြီး ရောက်ရှိနေပါတယ်။ ဘက်စီနဲ့ အခြားမျိုးချစ်တွေဟာ သူတို့အတွက် ရွက်ဖျင်တဲတွေနဲ့ အဝတ်အစားတွေ ချုပ်ပေးကြပါတယ်။



အဝတ်အစားတွေ၊ အစားအစာတွေ၊ အခြားထောက်ပံ့တဲ့ ရိက္ခာတွေဟာ မြို့အပြင်က နှိုးဝက်ကဲ့ ယူပြီး ဝေါ်မွတ်ခေါင်းပါးနေတဲ့ တပ်သားတွေဆီ အသာငြိမ်ပြီး ပို့ဆောင်နေရ တယ်။ အဲဒီ အချိန်အတောအတွင်း ဘက်စီဟာ သူမရဲ့ ခင်ပွန်း အသစ် ဘယ်ရောက်နေသလဲလို့ မသိရှာဘူး။ သူ့ရဲ့ သင်္ဘောဟာ ဖီလာဒယ်ဖီးယား ကို အခုချိန်ထိ ပြန်မရောက်သေး။ သူမဆီ စကားတစ်လုံးတစ်လေ ပြောဖို့ လည်း လမ်းမမြင်၊ သူမကလည်း သူတောင် အသက်ရှင်နေသေးရဲ့လားဆို တာ မသိဘူး။

# တောင်ကြားပန်းဘဲဖို



၁၇၇၇–၇၈ ခုနှစ် ဆောင်းရာသီတွင် တောင်ကြားပန်းဘဲဖို၌ စခန်းချနေသော ပြည်နယ်တပ်သားအားလုံးသည် တစ်သောင်းနှစ်ထောင်ခန့် ရှိရာ သူတို့သည် အလွန်အမင်း ငတ်မွတ်ခေါင်းပါးနေကြသည်။ သူတို့သည် အဝတ်အစားနှင့် အစားအစာများ မလောက်မငှ ဖြစ်နေသည်။ တချို့သည် ရှူးဖိနပ်များပင် မရှိကြဘဲ ဖြစ်နေသည်။ သူတို့သည် ညစ်ပတ်ပေရေနေကြသော ကြမ်းခင်းများနှင့် သစ်သားအိမ်ကလေးများ သို့မဟုတ် ရွက်ဖျင်တဲများတွင် နေနေကြသည်။ တပ်သား ၁၂၀၀၀ ကျော်သည် အအေးဒဏ်၊ အစားအစာ ငတ်မွတ်မှုဒဏ်နှင့် ရောဂါများဖြင့် သေဆုံးခဲ့ကြပါသည်။

သို့သော်ငြားလည်း တိုက်ပွဲတစ်ပွဲမှ မတိုက်ခိုက်ခဲ့ကြရဘဲ တောင်ကြားပန်းဘဲဖိုသည် အမေရိကန် တော်လှန်ရေးတွင်


အရေးကြီးဆုံးနေရာများတွင် နေရာတစ်နေရာ ဖြစ်သည်။ အသက်ရှင်ကျန်သူများ အချင်းချင်းဖြစ်နေသော အမေရိကန်တပ်သည် ပို၍ စွမ်းရည်ရှိလာသည်။ သူတို့သည် သူတို့ခေါင်းဆောင် ဂျော့ဝါရှင်တန်ကို သူတို့နှင့်အတူ စခန်းထဲတွင် နေနေရသဖြင့် မြင်တွေ့နေရသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် လေ့လာတွေ့ရှိသမျှသည် ခွန်အားများ ထပ်မံရရှိနေသည်။ သူတို့သည် နွေဦးပေါက်ရာသီတွင် ကိုယ်လက်လေ့ကျင့်ခန်းနှင့် သင်တန်းများကို လက်တွေ့ပြုလုပ်နေကြသည်။ သူတို့သည် အဆုံးတိုင် တိုက်ပွဲဝင်ရန် ညီညီညွတ်ညွတ်နှင့် အသင့်ဖြစ်နေကြ၍ တောင်ကြားပန်းဘဲဖိုမှ ထွက်ခွာလာကြပါသည်။

အကယ်၍ တောင်ကြားပန်းဘဲဖိုသည် စမ်းသပ်ကွင်းတစ်ကွင်းဖြစ်လျှင် အမေရိကန်တပ်သည် ရောင်စုံအလံတလူလူနှင့် ချီတက်သွားခဲ့ကြပြီ ဖြစ်သည်။



# အခန်း – ၆
# အောင်ပွဲနှင့် ဘဝသစ်

၁၇၇၈ ခုနှစ် နွေဦးမှာ ဗြိတိသျှတွေဟာ ဖီလာဒယ်ဖီးယားက ဆုတ်ခွာလာကြပါတယ်။ သူတို့တပ် တစ်စိတ်တစ်ဒေသဟာ ကိုလိုနီတပ်တွေကို တိုက်ခိုက်ဖို့ ရှေ့ဆုံးက ချီတက်လာတယ်။ ဗြိတိသျှအားလုံးဟာ နယူးယောက်မြို့ကို ပြောင်းရွှေ့သွားကြတယ်။ အဲဒီမှာ တိုက်ပွဲတွေ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ပါတယ်။ ဖီလာဒယ်ဖီးယားက သူတို့ထွက်ခွာလာတုန်း သူတို့ရဲ့ ထမင်းစားခန်းကြီးတွေ ကျန်ရစ်ခဲ့တယ်။ အဆောက်အဦတော်တော်များများက ပျက်စီးသွားခဲ့တယ်။ မြို့ထဲရှိ အစားအသောက်အားလုံးဟာ ဘာမှမရှိတော့။ သင်္ဘောတွေက ဆိပ်ကမ်းမှာ မီးလောင်သွားခဲ့ပါတယ်။




ပြိတီသျှစစ်တပ်ဟာ အိမ်ထောင်ပရိဘောဂတွေ၊ မြင်းတွေနဲ့ လေးဘီးတပ်လှည်းတွေ ယူဆောင်သွားခဲ့ကြတယ်။ ပင်ဆယ်ဗေးနီးယားမှာ နေထိုင်သူ ထောင်ပေါင်းများစွာဟာ ပြိတီသျှတို့နဲ့အတူ ထွက်ခွာလာတယ်။ အမေရိကန်နိုင်ငံသစ်နဲ့ လွှမ်းမိုးထားတဲ့ အင်္ဂလန် ဘယ်ဘက်ကိုပါကြမလဲ။ ဘက်စီနဲ့ အိမ်နီးချင်းတွေဟာ မြို့ထဲမှာ အလုပ်လုပ်ကာ နေထိုင်ရင်း ရှင်သန်ဖို့ ခက်ခဲသထက် ခက်ခဲလာကြပါတယ်။

ဘေးဒုက္ခတွေအလယ်မှာ ဂျိုးဇက်အက်ရှ်ဆန်ဟာ သူ့ရဲ့ နောက်ဆုံး ရေကြောင်းခရီးစဉ်က ဘေးမသီရန်မခ ပြန်လာပါတယ်။ သူနဲ့အခြားသူတွေဟာ ပြိတီသျှတို့ ထားရစ်ခဲ့တဲ့ ထမင်းစားခန်းတွေကို သန့်ရှင်းရေးလုပ်နေကြတယ်။ ဘက်စီဟာ စက်ချုပ်မြဲ စက်ချုပ်နေတယ်။




အလံတွေ ချုပ်ရင်း သူမဟာ ပြည်နယ်တပ်တွေအတွက် တပ်ပစ္စည်းတွေ ချုပ်ပေးနေတယ်။ ကိုလိုနီတပ်သားတွေဟာ 'ပြောင်းရှည်သေနတ်'လို့ခေါ်တဲ့ စည်ပိုင်းရှည်မျှောမျှောသေနတ်တွေ အသုံးပြုပါတယ်။ ပြောင်း ရှည်သေနတ်ကို မပြီးတဲ့အခါ တပ်သားတစ်ယောက်ဟာ ပြောင်းထဲကိုယမ်းမှုန့်တွေ လောင်းထည့်ရတယ်။ အဲဒီနောက် သူဟာ ခဲလုံးတစ်လုံးကိုဖိသိပ်ထည့်ရတယ်။ တပ်သားတွေဟာ ယမ်းမှုန့်တွေနဲ့ ခဲလုံးတွေကို 'ကာက်ထရိုက်'လို့ ခေါ်တဲ့ အိတ်ငယ်ကလေးတွေကို သယ်ဆောင်ကြပါတယ်။ ဘက်စီနဲ့ အခြားမိန်းမတွေက ထောင်ပေါင်းများစွာရှိတဲ့ ကင်းဘတ်စ်တွေနဲ့ ချုပ်ထားတဲ့ အိတ်ငယ်တွေကို ချုပ်လုပ်ပေးကြတယ်။



ဘက်စီနဲ့ ဂျိုးဇက်တို့ရဲ့ သမီးဦးကလေး အောစီလာကို ၁၇၇၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှာ မွေးဖွားခဲ့တယ်။ စားရေရိက္ခာတွေ မြို့မှာ ရှားရှားပါးပါး ဖြစ်နေဆဲ။ လူအများဟာ အိမ်ထောင်ပရိဘောဂတွေကို မီးဆိုက်ပစ်ကြပြီး အနွေးဓာတ် ယူနေကြပါတယ်။ ဝမ်းနည်းစရာ ဖြစ်လာတယ်။ 'အောစီလာ' ဟာ ဖျားနာပြီး ကွယ်လွန်သွားတော့ တစ်နှစ်သမီးအရွယ် တောင် မရှိသေးဘူး။ ၁၇၈၀ ခုနှစ်မှာ သူတို့ ဇနီးမောင်နှံက ဒုတိယသမီး 'အယ်လဇ္ဗာ'ကို မွေးဖွား ရရှိခဲ့ပါတယ်။



အဲဒီနှစ်တွေ ကုန်လွန်ပြီးတဲ့အခါ ဂျိုးဇက်ဟာ 'လိုင်ယွန်'သင်္ဘော နဲ့ ဥရောပကို သွားနေတဲ့ ဗြိတိသျှသင်္ဘောတွေနောက် လိုက်လံဖမ်းဆီးဖို့ ဥရောပရေကြောင်းလမ်းခရီးအတိုင်း သင်္ဘောသားအဖြစ် လိုက်ပါလာတယ်။ လိုင်ယွန်သင်္ဘောဟာ ဖမ်းဆီး သိမ်းပိုက်ခံရတယ်။ ဂျိုးဇက်ဟာလည်း ဂျက်ရဲဟောင်းကြီး' လို့ခေါ်တဲ့ ဗြိတိသျှအကျဉ်းထောင်ထဲမှာ ထည့်သွင်းခြင်း ခံရတော့တယ်။



OLD MILL PRISON


စက်ရုံဟောင်းကြီး အကျဉ်းစခန်းဟာ ကြောက်ရွံ့ထိတ်လန့်စရာကောင်းတဲ့နေရာဖြစ်ပြီး နေရာ အကျယ်အဝန်း ကျဉ်းကျဉ်းကလေးထဲမှာ လူအတော်များများကို ထိုးသိပ်ထည့်ထားပါတယ်။ အကျဉ်းသမားတွေဟာ သူတို့အဝတ်အစားကို ရောင်းချပြီး ပေါင်မုန့်တွေ ဝယ်ပြီး စားရပါတယ်။ အကျဉ်းသမားတွေကြားမှာ ရောဂါဖြစ်ရင် ချက်ချင်း ကူးစက်ခံရတယ်။ ဂျိုးဇက်ဟာ ရာနဲ့ချီရှိနေတဲ့ အကျဉ်းသမားတွေထဲ တစ်ယောက်အပါအဝင်ဖြစ်ပြီး အဲဒီနေရာမှာပဲ ကွယ်လွန်သွားတယ်။ ဘက်စီရိုစ်အက်ရှ်ဘန်းဟာ နောက်တစ်ခါ မုဆိုးမ ဖြစ်သွားပါတယ်။

သူမဟာ သူ့ခင်ပွန်းသေဆုံးတဲ့ သတင်းကို ရက်သတ္တပတ်တွေ အတော်ကြာမှ 'ဂျွန်ကလေးပူး'ဆိုတဲ့ သူငယ်ချင်းဟောင်းထံက ကြားခဲ့ရတယ်။ သူဟာ ဘက်စီရိုစ်နဲ့ ကလေးဘဝကတည်းက သိနေသူ ဖြစ်တယ်။ နောက်ပိုင်းမှာ သူဟာ သင်္ဘောသားတစ်ယောက် ဖြစ်လာပြီး ဂျိုးဇက်အက်ရှ်


ဆန်းနဲ့အတူ စက်ရုံဟောင်းကြီးမှာ အကျဉ်းသမားတစ်ယောက်အဖြစ် အဆုံးသတ်လိုက်ရပါတယ်။ သူငယ်ချင်းတစ်ယောက်အနေနဲ့ ပုဗ္ဗိုလ်ရေး အရ ဝမ်းနည်းကြေကွဲတဲ့သတင်းကို ဘက်စီကို ပေးလိုက်ချင်ပါတယ်။ သူဟာ ဗီလာဒယ်ဖီးယား ပြန်လာပြီး သူမဆီ ဖြောင့်ဖြောင့်တန်းတန်းပဲ အလည်သွားခဲ့တယ်။



နောက်ထပ် ခင်ပွန်းတစ်ယောက် မရှိတော့တဲ့အတွက် အလွန်အမင်း ဝမ်းနည်းနေရတယ်။ ဒါပေမဲ့ ဘက်စီဟာ အကျိုးအကြောင်း တချို့တလေ နဲ့ ပျော်ရွှင်အောင်နေနေရတယ်။ သူမ သမီး အီလစ္စာဟာ ကျန်းကျန်းမာမာ ရှိနေတယ်။ သူမကတော့ ကိုယ့်အလုပ်နဲ့ ကိုယ် အလုပ်များနေတယ်။ နောက် အမေရိကန်တော်လှန်ရေးလည်း ပြီးဆုံးသွားခဲ့တယ်။ ၁၇၈၀ ခုနှစ်နဲ့ ၁၇၈၁ ခုနှစ်အတွင်း တိုက်ပွဲတွေ တစ်ပွဲပြီး တစ်ပွဲ ဆင်နွှဲခဲ့ကြပြီးနောက် ဝါရှင်တန် တပ်ဖွဲ့များဟာ တာကျိုးနီးယား ယောက်တောင်းရှိ ကျွန်းစွယ်တစ်ခု



ပေါ်မှာ ဗြိတိသျှတွေကို ထောင်ချောက်ဆင်ကြပါတယ်။ ပြင်သစ်သင်္ဘောတွေဟာ တိုက်ပွဲမှာ ပူးတွဲပါဝင်လာပြီး ဗြိတိသျှသင်္ဘောတွေကို တပ်သားတွေ စုဆောင်းလာလို့ ကာကွယ်ပေးကြတယ်။ ၁၇၈၁ ခုနှစ် အောက်တိုဘာလမှ အဲဒီထောင်ချောက်ထဲ ကျရောက် သက်ဆင်းသွားလို့ ဗြိတိသျှဗိုလ်ချုပ်ကြီး ကွန်ဝေါလစ်ဟာ သူ့ရဲ့ တပ်တွေနဲ့အတူ ဝါရှင်တန်ဆီ လက်နက်ချခဲ့ရတယ်။ အမေရိကန်တို့ အောင်ပွဲခံပြီ ဖြစ်တယ်။






၂ နှစ်ကြာတဲ့အခါ ဘက်စီရဲ့ သူငယ်ချင်းဟောင်း ဂျွန်ကလေးပူးဟာ သူမကို ဇနီးမယားအဖြစ် လက်ခံနိုင်မလားလို့ မေးပါတယ်။ ၁၈၇၃ ခုနှစ် မေလ ၈ ရက်နေ့မှာ သူတို့ လက်ထပ်လိုက်ကြတယ်။ ဘက်စီဟာ ခင်ပွန်းအသစ်၊ ပရိဘောဂ အဖုံးအစွပ်လက်တွဲဖော်အသစ်နဲ့ အလံလုပ်ငန်းအသစ်တွေပိုင်ရှင် ဖြစ်သွားတယ်။ ဂျွန်ဟာ သူတို့လုပ်ငန်း ပိုမိုကြီးထွားဖို့ အကူအညီရအောင် ပင်လယ်ပြင်ကို ခရီးနှင်သွားပါတော့တယ်။

# အခန်း – ၇
# ကလေးပူး၏ ရှေ့သို့ချီတက်မှု

စစ်အတွင်း ခရစ်ယာန်သဟာယအဖွဲ့က လူတွေဟာ ခက်ခဲတဲ့ အချိန်တွေနဲ့ ဖြစ်နေတယ်။ သူတို့ဟာ သူတို့အိမ်နီးချင်းတွေကို ကူညီချင် တယ်။ ဒါပေမဲ့ စစ်ကိုဆန့်ကျင်လို့ ဘယ်လိုတိုက်ပွဲမျိုးမှ မပါဝင်ခဲ့ပါဘူး။ သူတို့ဟာ ဗြိတိသျှနဲ့ ကိုလိုနီသားတွေ နှစ်ဖက်စလုံးအတွက် စစ်တပ်တွေ မှာ အမှုမထမ်းခဲ့ကြသူတွေ ဖြစ်တယ်။ တချို့သော သဟာယအဖွဲ့ဝင်တွေသာ တိုက်နိုက်ချင်ကြပြီး လွတ်လပ်မှုအရေးကိစ္စတွေကို အထောက်အကူ ပေး ချင်ကြပါတယ်။ စစ်အတွင်းမှာပဲ သူတို့ဟာ လွတ်လပ်တဲ့ သဟာယအဖွဲ့ဝင် တွေ ပုံစံနဲ့ သဟာယအဖွဲ့ရဲ့ အဓိကကိုယ်ထည်မှ ခွဲထွက်ဖို့ ရွေးချယ် လိုက်ကြတယ်။ အုပ်စုအသစ်တွေဟာ သူတို့ရဲ့ သက်ဝင်ယုံကြည်တဲ့ ပွင့် ပွင့်လင်းလင်းပြောဆိုတာ၊ ဝတ်စားဆင်ယင်တာနဲ့ သူတို့အတွင်းစိတ်အလင်း ရောင်ကို ကြည့်ရှုတာတွေကို စွဲစွဲမြဲမြဲ လုပ်လာကြပါတယ်။ ဘယ်လိုပဲဖြစ်စေ တစ်ခါတစ်ရံ တိုက်ပွဲတွေမှာ ဘယ်သူအမှန်ဆိုပြီး တွေ့မြင်သွားကြပါတယ်။

လက်ထပ်ကြပြီးနောက် ဘက်စီနဲ့ ဂျွန်ဟာ အုပ်စုအသစ်နဲ့ ဆက် သွယ်လိုက်ကြတယ်။ သူတို့ဟာ ၁၇၈၃ ခုနှစ်က အဲဒီအုပ်စု ဆောက်လုပ်ထား

တဲ့ အဆောက်အဦတစ်ခုမှာ လုပ်ငန်းတွေ ထမ်းဆောင်ဖို့ တက်ရောက်ခဲ့ကြတယ်။ ဘက်စီဟာ သူမ သဟာယအဖွဲ့ဝင်တွေရဲ့ မူလအရင်းခံဆီကို ပြန်ရောက်သွားနိုင်ပြီး လုပ်ငန်းတွေ လုပ်ရင်း ဖွံ့ဖြိုးတိုးတက်လာပါတယ်။




FREE QUAKER MEETINGHOUSE

ဘက်စီဟာ သူမရဲ့ သဟာယအဖွဲ့ဝင်မိသားစုဆီ ပြန်လည်ရောက်ရှိသွားခိုက် သူမနဲ့ ဂွန်ဟာ သူတို့ကိုယ်ပိုင်အလုပ်တွေ စတင်လုပ်ကိုင်ကြပါတယ်။ ၁၇၈၅ ခုနှစ်မှာ သူတို့ရဲ့သမီးဦး ကလာရစ်ဆာကို မွေးဖွားခဲ့တယ်။ သူမဟာ ဆူဆန်နဲ့ တစ်နှစ်လောက် အကြာမှာ ဆက်သွယ်မိတယ်။

ကလေးမှုးဟာ သူတို့ဆိုင်မှာ အတူတကွ အလုပ်ဆက်လုပ်နေပါတယ်။ နောက် ၁၇၈၇ ခုနှစ်မှာ အိမ်ကြီးတစ်လုံးဆီ ပြောင်းရွှေ့နေထိုင်ကြတယ်။ သူတို့မှာ အခန်းတွေ လိုအပ်နေတယ်။ သူတို့မှာ သမီးနှစ်ယောက် ထပ်တိုးလာတယ်။ ရေချယ်နဲ့ ဂျိန်း။



ဘက်စီဘဝဟာ သမီး ၅ ယောက်ကို ဂရုစိုက်ရတာက တစ်ဖက်၊ အလုပ်လုပ်ရတာကတစ်ဖက်နဲ့ အလုပ်များနေရှာတယ်။ ဆိုင်မှာလည်း အလုပ်ကောင်းနေတယ်။ အိမ်အသုံးအဆောင် ပရိဘောဂတွေနဲ့ အလဲတွေ လုပ်နေရပြီး သူတို့ဟာ သင်္ဘောတွေအတွက် ပရိဘောဂတွေ လုပ်ပေးနေရတယ်။ သင်္ဘောတွေမှာ ဘယ်လိုပုံသဏ္ဍာန်တွေ လိုအပ်နေတယ်ဆိုတာ ဂျွန်က အတိအကျ သိတယ်။ ပြီးတော့ ဝယ်သူတွေ ပိုမိုများပြားလာလည်း လုပ်ပေးနိုင်တယ်။ အမှန်စင်စစ် ဆိုင်က ကောင်းကောင်းမွန်မွန် လုပ်ပေးနိုင်လို့ ဂျွန်နဲ့ ဘက်စီဟာ ၁၇၈၆ ခုနှစ်မှာ မြင်းတစ်ကောင်နဲ့ လှည်းတစ်စင်းကို ဝယ်နိုင်အောင် လုံလောက်ရယ ထုတ်ခဲ့ကြပါတယ်။




ဩန် အလုပ်မလုပ်ဘဲ နေတဲ့အခါ အခြားသူများကို ကူညီရင်း အချိန်ကုန်စေတယ်။ ခရစ်ယာန်သဟာယအဖွဲ့ဝင်တွေဟာ ကျွန်စနစ်ကို အမြဲတမ်း ဆန့်ကျင်ကြတယ်။ သူတို့အုပ်စုတွေနဲ့ အတူလုပ်ကိုင်ရင်း အကျဉ်းသမားတွေကို ထောက်ပံ့ခြင်းနဲ့ ကျွန်တွေကို လွှတ်ပေးတာတွေ ကြိုးစားလုပ်လာပါတယ်။ အဲဒီလို အုပ်စုတွေဟာ အမှန်တကယ် လွတ်လပ်တဲ့ လူမည်းတွေထဲက ကျန်ရစ်သူတွေ လွတ်လပ်အောင်နဲ့ ကျွန်စနစ်ကို ပြန်ရောက်ဖို့ ပြန်ပေးဆွဲမှုတွေ မပြုလုပ်နိုင်အောင် ကြိုးဆောင်လုပ်ကိုင်လာကြသူတွေဖြစ်တယ်။ သူတို့ဟာ ထောင်တွေကို အလည်သွားကြပြီး အကျဉ်းသမားတွေကို တရားမျှတစွာအုပ်ချုပ်ဖို့နဲ့ ကျန်းမာရေးအတွက် ဆေးဝါးကုသဖို့တောင်းဆိုခဲ့ကြပါတယ်။



၁၇၉၃ ခုနှစ်မှာ ဘက်စီနဲ့ ဂျွန်ဟာ သာယာတဲ့မိသားစု၊ ကောင်းမွန်တဲ့အိမ်နဲ့ ဟန်ချက်ညီတဲ့ အလုပ်တွေ ရှိနေကြတယ်။ ဒါပေမဲ့ အဲဒီ နွေရာသီမှာ ဖီလာဒယ်ဖီးယား တစ်မြို့လုံးမှာ ဝမ်းနည်းဖွယ်ရာ ကူးစက်ရောဂါတွေ ပြန့်ပွားလျက် ရှိတယ်။ အသားဝါရောဂါကပ်ဖြစ်လာလို့ လူထောင်ပေါင်းများစွာဟာ အဲဒီရောဂါနဲ့ သေဆုံးကြရတယ်။ ဘက်စီ မိဘနှစ်ပါးဟာ ကပ်ရောဂါဖြစ်စမှာပဲ ကွယ်လွန်သွားခဲ့ကြတယ်။ ဘက်စီအစ်မ ဒီဘိုရာလည်း ကွယ်လွန်ခဲ့တယ်။ နောက် အစ်မဖြစ်သူ မေရီလည်း ကွယ်လွန်တယ်။ အသားဝါရောဂါဖြစ်ပြီး ကွယ်လွန်ကြတာဖြစ်တယ်။

အသားဝါရောဂါကူးစက်ခဲ့တာဟာ ၁၇၉၄ ခုနှစ် စောစောပိုင်းကတည်းက ဖြစ်တယ်။ အဲဒီနှစ်မှာ ဂျွန်ဟာ အလုပ်တစ်ခု ထပ်ရတယ်။ သူဟာ အမေရိကန်ပြည်ထောင်စု အစိုးရသစ်အတွက် အကောက်ခွန်အင်စပိတ်တော်တစ်ယောက်အဖြစ် သွားရောက်လုပ်ကိုင်ဖို့ ဖြစ်တယ်။ သူ့အလုပ်ဟာ ဖီလာဒယ်ဖီးယား သင်္ဘောတွေပေါ်မှာ သယ်ဆောင်လာတဲ့ ပစ္စည်းတွေကို စစ်ဆေးဖို့ ဖြစ်တယ်။






ဘက်စီဟာ သူတို့ဆိုင်တွေ ဖွင့်ပြီး အလုပ်တွေဆက်လုပ်နေရတယ်။ အစိုးရအသစ် အဆောက်အဦအတွက် ပရိဘောဂတွေ လုပ်ပေးနေရတာ ဖြစ်တယ်။ ဖီလာဒယ်ဖီးယားဟာ နုပျိုတဲ့ အမေရိကန်အစိုးရရဲ့ မြို့တော်ပမာ ရွေးချယ်ထားပါတယ်။ (ဒါပေမဲ့ မြို့တော်ဟာ နယူးယောက်စီးတီးနဲ့ ဝါရှင်တန်ဒီစီကို ပြောင်းသွားတယ်။) ဘက်စီလို အလုပ်ကျွမ်းကျင်သူတွေက ထိုင်ခုံအမိုတွေ၊ ခေါင်းအုံးစွပ်တွေ၊ နံရံအကာတွေ၊ ခန်းဆီးတွေနဲ့ အခြား အရာတွေကို ပြုလုပ်ပေးကြပါတယ်။

# အသားဝါရောဂါ


အသားဝါရောဂါသည် အလွန်အမင်း ကူးစက်တတ်သော ရောဂါဖြစ်သည်။ ဖြစ်ရသော အကြောင်းရင်းများမှာ အဖျားကြီးခြင်း၊ အသား အရေပြားများ ဝါလာခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်ခြင်းများ ဖြစ်ပါသည်။ ရောဂါဖြစ်လျှင် တိတ်ဆိတ်ငြိမ်သက်စွာ ကွယ်လွန်ပါသည်။ ၁၇၉၃ ခုနှစ်၊ ဩဂုတ်လတွင် ဖီလာဒယ်ဖီးယားၓ္ဌ စတင်ဖြစ်ပွားသောအခါ ကူးစက်လိုက်သည်မှာ တစ်ယောက်ပြီး တစ်ယောက် ဖြစ်သည်။ ဖြစ်လျှင်လည်း ဆေးမမီ၊ ဆရာဝန်များသည် လူနာများကို အသက်ရှူရန် လေမှုတ်ပေးခြင်း၊ ကော်ဖီနှင့် ရှာလကာရည် ဖျော်တိုက်ခြင်းနှင့် သွေးများညှစ်ထုတ်ပေးခြင်းများ ပြုလုပ်ပေးသော်လည်း မရပေ။ ဘာမှလုပ်၍ မရသဖြင့် ကူးစက်




ရောဂါကျရောက်သောအချိန်များ ကျော်လွန်သောအခါ လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ကြပါသည်။ လူပေါင်း ၂၀၀၀၀ ကျော် သည် မြို့မှ ပြောင်းရွှေ့ကြရသည်။ ကူးစက် ရောဂါမှ လွတ်မြောက်ရန် ကြိုးစားကြရ သည်။




ထိုအချိန်က ပြည်သူများသည် ဘာမှမသိကြသော်လည်း နွေရာသီ အပူရှိန်ကြောင့် ထွက်ပေါ်လာသော ခြင်များကြောင့် အသားဝါရောဂါ ပျံ့နှံ့ကူးစက်သည်။ နိုဝင်ဘာလတွင် အအေး ရာသီရောက်လာလျှင် ခြင်များသေဆုံးကြပြီး ကူးစက်ရောဂါ လည်း ပျောက်သွားကြသည်။






ဖီလာဒယ်ဖီးယားမှာ ကွန်ဂရက် စတင်ပြုလုပ်တဲ့ ပြည်နယ်တစ်တွေရဲ့ခေါင်းဆောင် ဂျော့ဝါရှင်တန်ဟာ နိုင်ငံတော်သစ်ရဲ့ ပထမဦးဆုံး သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပါတယ်။ သူ့ရဲ့ရုံးခန်းဟာ ဖီလာဒယ်ဖီးယား



မှာပဲ ဖြစ်တယ်။ မြို့ဟာ လုပ်ငန်းဆောင်တာတွေရဲ့ ဗဟိုချက်မ ဖြစ်လာပြီး ကိုလိုနီ ၁၃ ခုဟာ အမေရိကန်ပြည်ထောင်စု ဖြစ်လာတဲ့အခါ ခေါ်ခဲ့တဲ့ ကိစ္စတွေကို လုပ်ဆောင်ဖို့ ဖြစ်လာတယ်။

ဘက်စီနဲ့ကလေးမှုးဟာ သူတို့ရဲ့ အောင်မြင်မှုနဲ့အတူ အထက်တန်းကျကျ ဘဝနေထိုင်မှုကို အားစိုက်လုပ်ကိုင်ခဲ့ကြပါတယ်။ ကလေးမှုးနဲ့ သမီးများဟာ အလွတ်ပညာသင်ကျောင်းတစ်ကျောင်းမှာ ပညာသင်ကြတယ်။ သူတို့ဟာ ပျော်စရာကောင်းတဲ့ပါတီတွေ တက်ရောက်ကြတယ်။ ဘက်စီရဲ့ လှပချောမော တဲ့သမီး မာဂရက်လည်း သမ္မတဝါရှင်တန်နဲ့တောင် တွဲပြီးက ရပါတယ်။







ဘက်စီဂရစ်ကွမ်ရိုင် အက်ရှ်ဆန်းကလေးပူးဟာ စစ်အတွင်းက ဆောင်းရာသီတွေရဲ့ အအေးထဲ အစားအစာရရှိဖို့ ကြိုးစားရုန်းကန်လာရ တာ ဘဝတစ်လျှောက်လုံးပဲ ဖြစ်တယ်။

# အခန်း – ၈


# ကိစ္စများပြောင်းလွှာခြင်း နိဂုံးချုပ်ခြင်း

၁၇၀၀ ခုနှစ်များ ကုန်ဆုံးချိန်မှာ အမေရိကားမှာ ပြောင်းလဲမှုများစွာနဲ့ ကြုံရသလို ဘက်စ်နဲ့ သူ့ မိသားစုမှာလည်း အပြောင်းအလဲတွေနဲ့ ကြုံကြရပါတယ်။ ၁၇၉၅ ခုနှစ်မှာ သူမနဲ့ ဂျွန်ဟာ နောက်ထပ် သမီးတစ်ယောက် ရတယ်။ ဟာရီရက် ဖြစ်ပါတယ်။ ဒါပေမဲ့ သမီးကလေးဟာ ၁၀ လ သမီးအရွယ်မှာ ကွယ်လွန်ခဲ့တယ်။ ၁၇၉၉ ခုနှစ်မှာ အယ်လီဇာအက်ရှ်ဆန်း ခေါ်သော ဘက်စ်ရဲ့ သမီးအကြီးဆုံးက သဘောကာပွတ်န် တစ်ယောက်နဲ့ လက်ထပ်ပါတယ်။ နောက်တစ်နှစ်မှာ ဂျော့ဝါရှင်တန်ဟာ ၆၇ နှစ် အရွယ်မှာ ကွယ်လွန်သွားပါတယ်။






ဝါရှင်တန် ကွယ်လွန်တာကို တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲကြပါတယ်။ သူဟာ ဖန်တီးမှုတွေကို ကူညီခဲ့သူ ဖြစ်တယ်။ ဖီလာဒယ်ဖီးယားမှာ ပြည်သူ့ဝန်ထမ်း ရာထောင် သိန်းသန်းနဲ့ ရျာပနဟာ သူ့ကို ဂုဏ်ပြုကျင်းပလိုက်တာ ဖြစ်တယ်။ ဘက်စီနဲ့ သူမ မိသားစုဟာလည်း မြို့သူမြို့သား အထောင်အသောင်းနဲ့ လက်တွဲပါဝင်ခဲ့တယ်။



၁၈၀၀ ခုနှစ်မှာ ဂျွန်ကလေးပူးဟာ လေသင်တုန်းဖြစ်နိုင်ဖွယ် ရောဂါကို ခံစားနေရတယ်။ အလုပ်ကြာကြာ လုပ်မရ၊ အိမ်မှာပဲ အိပ်ရာထဲ လှဲနေရတယ်။ ဘဝတစ်လျှောက်လုံး ဖြစ်သွားတယ်။ ဘက်စီဟာ သူ့ကို အကောင်းဆုံး ဂရုတစိုက် ကုသပေးတယ်။ လွယ်လွယ်ကူကူ မဟုတ်။ ၁၈၀၃ ခုနှစ်မှာ လွတ်လပ်တဲ့ သဟာယအဖွဲ့ဝင် အလှူပွဲတွေက ရရှိတဲ့ ငွေတွေ ပေးအပ်လာလို့ ရရှိခဲ့ပါတယ်။ ငွေကြေးဖြတ်ပိုင်းတွေနဲ့ ကူညီကြပါတယ်။

ဘက်စီဟာ လုပ်ငန်းကို ထိန်းသိမ်းလုပ်ကိုင်ပြီး သမီးတွေက တတ်နိုင်သလောက် ကူညီကြတယ်။ သို့ပေမဲ့ တစ်ယောက်ပြီး တစ်ယောက် လက်ထပ်သွားကြပြီး ကိုယ့်အိမ်ထောင်နဲ့ကိုယ် ထူထောင်သွားကြပါတယ်။ ဘက်စီဟာ ဖွားအေကြီးတစ်ယောက် ဖြစ်လာတယ်။ ကလာရစ်ရဲ့ အမြွာကလေးများထဲကတစ်ယောက်ကို သူမအတွက် နာမည်ပေးလိုက်တယ်။



ဘက်စီဟာ အလံတွေ ဆက်လက် လုပ်တယ်။ ၁၈၁၂ ခုနှစ်မှာ အမေရိကားနဲ့ ဗြိတိသျှကြား တိုက်ပွဲကလေး ဖြစ်ပွားပြီး အမေရိကန် ကြည်းတပ်နဲ့ ရေတပ်အတွက် မှာကြားချက်တွေ ပိုပြီး ရလာပါတယ်။

၁၈၁၇ ခုနှစ်မှာ ရွှန်ကလေးပူးဟာ စစ်ပွဲမှာပဲ ကွယ်လွန်သွားခဲ့ပါတယ်။ ဘက်စီဟာ အသက်အရွယ် ကြီးလာပြီဖြစ်ပေမဲ့ သူ့ကို အလွန်အမင်း ဂရုစိုက်လုပ်ပေးပါတယ်။ သူမဟာ တတိယအကြိမ်မြောက် မုဆိုးမတစ်ယောက် ဖြစ်ရပြန်တယ်။

၁၀ နှစ်ကြာတဲ့အခါ အသက် ၇၅ နှစ်အရွယ်မှာ ဘက်စီဟာ အလုပ်တွေ ရပ်ပစ်လိုက်တယ်။ သူမရဲ့ 'ကလာရစ်တာ' နဲ့ အချောအလှ 'မာဂရက်'တို့က အလုပ်တွေ လွှဲယူလိုက်ကြတယ်။ ဘက်စီဟာ ဖီလာဒယ်ဖီးယားက ထွက်ခွာလာပြီး ပင်စီဗေးနီးယား၊ အဘင်တန်မြို့မှာ သမီးဆူဆန်နဲ့အတူ သွားရောက် နေထိုင်ပါတယ်။ သူမဟာ မြို့ကြီးတွေကို ပုံမှန်ပြန်သွားပြီး လွတ်လပ်တဲ့ သဟာယအဖွဲ့ဝင် အစည်းအဝေးများ တက်ရောက်ရင်း မိတ်ဆွေသူငယ်ချင်းများနဲ့ တွေ့ပါတယ်။




ဖီလာဒယ်ဖီးယားဟာ ဆက်လက်ဖွံ့ဖြိုးလာတယ်။ ဘက်စီ မွေးတဲ့ အချိန်တုန်းက လူဦးရေ ၂၅၀၀၀ ခန့် နေထိုင်ပြီး ၁၈၃၀ ခုနှစ် လူဦးရေ စာရင်းအရ ဖီလာဒယ်ဖီးယားဟာ လူဦးရေ ၈၀၀၀၀ ကျော် ဖြစ်လာတယ်။

၁၈၃၅ ခုနှစ်မှာ အမေရိကားဟာ ၂၅ နှစ် လွတ်လပ်ရေးသက်တမ်း ရောက်လာတယ်။ လွတ်လပ်ရေးနေ့ကို အမြဲကျင်းပပါတယ်။ အမေရိကန် ပြည်ထောင်စု အလံတွေက နေရာတကာမှာ တလူလူလွင့်လျက် ရှိတယ်။ အဲဒီနှစ်မှာ အလံပေါ်မှာ ကြယ် ၂၄ လုံးရှိပြီ ဖြစ်တယ်။

၁၈၃၅ ခုနှစ်မှာ ဘက်စီဟာ ဖီလာဒယ်ဖီးယားကို ပြန်လာပြီး သမီး ဂျိန်းနဲ့အတူ နေပါတယ်။ ၁၈၃၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ဘက်စီဟာ အသက် ၈၄ နှစ်အရွယ် ဘက်စီရို့စ် ကွယ်လွန်သွားပါတော့တယ်။ ဂျိန်းရဲ့သား ဝီလျံမ်ကန်ဘီဟာ သူ့အဖွား သေတဲ့အခါ ''အဖွားဟာ အားလုံးသိခဲ့ကြတဲ့ သူများရဲ့ အချစ်ဆုံးနဲ့ အလေးစားရဆုံး ဖြစ်ပါတယ်'' လို့ ပြောခဲ့တယ်။



## အခန်း – ၉
## ဒဏ္ဍာရီပုံပြင်တစ်ပုဒ် မွေးဖွားခြင်း




ဘက်စီရို့စ်ဇာတ်လမ်းဟာ ၁၈၃၆ ခုနှစ်မှာ သူမရဲ့ သေဆုံးခြင်းနဲ့ အတူ နိဂုံးချုပ်ခဲ့ရပါတယ်။ ဝီလျှမ်ကန်ဘီ အတွက်သာ မဟုတ်၊ အားလုံးအတွက် ဖြစ်တယ်။ ဝီလျှမ်က ဘက်စီရဲ့ မြေး ဖြစ်တယ်။ သူဟာ ၁၈၇၀ ခုနှစ်မှာ ပင်စီဗေးနီးယားရဲ့ သမိုင်းဝင် မိန့်ခွန်းကို ဖီလာဒယ်ဖီးယားမှာ မိန့်ခွန်း ပြောခဲ့ပါတယ်။ ဝီလျှမ်ဟာ သူ့ရဲ့ မိသားစုဝင်ထံက ဘက်စီရဲ့ အမှတ်ရ ချက်တွေကို စုဆောင်းပြီး အုပ်စုနဲ့ အတူ ဝေငှခဲ့ပါတယ်။ သူ့ရဲ့ မိန့်ခွန်း မှာလည်း ဘက်စီရို့စ်ဟာ ပထမဦးဆုံး သော အလံတော်ကို ပြုလုပ်ပေး ကြောင်း ပြောကြားသွားခဲ့တယ်။

''ဒီအမျိုးသမီးဟာ ပထမဦးဆုံးအလံတော်ကို သူမရဲ့ လက်တွေနဲ့ ပြုလုပ်ခဲ့ပြီး ဂုဏ်ပြုရမယ့် လုပ်ကိုင်မှုတွေ ပိုင်ဆိုင်သူတစ်ယောက် ဖြစ်ပါတယ်လို့ ကန်ဘီက ပြောခဲ့တယ်။ ဘက်စီရိုစ်ရဲ့ သမီးတွေဟာ သူတို့ရဲ့ မိခင်ထံက ကြားခဲ့တဲ့ဇာတ်လမ်းကို သတိရနေကြတယ်လို့ ဆက်လက်ပြောသွားခဲ့တယ်။ သူဟာ ဘက်စီရဲ့ ချောမောလှပတဲ့သမီးဖြစ်သူ မာဂရက်ကိုလည်း ပြောပြခဲ့တယ်။


ကန်ဘီရဲ့ ဇာတ်လမ်းဟာ ပြည်သူများရဲ့ အာရုံစိုက်မှုကို ဖမ်းစားရယူခဲ့တယ်။ ၁၈၇၆ ခုနှစ်နောက်ပိုင်း အတန်ကြာတဲ့အခါ အမေရိကားမှာ နှစ်တစ်ရာပြည့်ပွဲကို ကျင်းပခဲ့ကြပါတယ်။ မျိုးချစ်တွေရဲ့ ပြောကြားချက်တွေဟာကန်ဘီပြောကြားချက်ကိုထပ်ခါထပ်ခါထည့်သွင်းပြောကြားခဲ့ကြတယ်။ ပြည်သူတွေဟာ အမေရိကန်ပြည်ထောင်စုရဲ့ လွတ်လပ်ရေး ဘယ်လိုရရှိခဲ့တယ်ဆိုတာ အသေးစိတ်ပြောကြားလို့ အလွန် စိတ်ဝင်စားကြပါတယ်။ ပထမဦးဆုံး အလံတော်အကြောင်းကိုလည်း ထည့်သွင်း ဟောပြောခဲ့ရာ တစ်နိုင်ငံလုံး မကြာခင် ကြားသိရပေတော့တယ်။

၁၈၉၀ ခုနှစ်မှာ ဘက်စီရိုစ်ရဲ့ ဇာတ်လမ်းပုံပြင်ဟာ ထင်ပေါ်ကျော်ကြား လူကြိုက်များသွားတယ်။ ဖီလာဒယ်ဖီးယားမြို့ဟာ သူမကို သတိရစရာဖြစ်အောင် လုပ်တဲ့နည်းတွေကို အလိုဆန္ဒရှိနေပါတယ်။ သူမနေထိုင်ခဲ့တဲ့ အိမ်တွေထဲက တစ်အိမ်ဟာ ဒီနေ့ထိ ရှိနေတယ်။ ခရီးသွားဧည့်သည်တစ်ယောက်ကို အာရုံကျလာအောင် ဆွဲဆောင်ထားပါတယ်။ မြို့မှာနေထိုင်တဲ့ လူအများဟာ ဆိုင်းဘုတ်တစ်ခုကို ချိတ်ထားတယ်။ ''ဤအိမ်တွင် အမေရိကန်ပြည်ထောင်စု အလံတော် ပြုလုပ်ခဲ့တယ်''လို့ ၁၈၉၈ ခုနှစ်တွေမှာ အမေရိကန်ပြည်ထောင်စု အလံတော်အိမ်အဖြစ် တည်ဆောက်ခဲ့ရာ

ဒီအချိန်မှာ ပြတိုက်တစ်တိုက် ဖြစ်လာပါတယ်။ ဗီလာဒယ်ဖီးယားဇာတ်လမ်း ပုံပြင်နဲ့ ဘက်စီရိုစ် ဘဝကားချပ်ကို ရည်ညွှန်းတဲ့ပြတိုက် ဖြစ်ပါတယ်။



အဲဒီနှစ်တွေအတွင်း ကန်ဘီ မိန့်ခွန်းကြောင့် သမိုင်းဆရာတွေဟာ ဘက်စီရိုစ်အကြောင်းကို ပိုစုံသိအောင် ကြိုးစားလာကြပါတယ်။ သူတို့ဟာ တကယ်အမှန်စင်စစ် ပထမဦးဆုံးအလံကို သူမပဲ ချုပ်ပေးခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေ တိုက်ရိုက်မရရှိပါ။ ဝါရှင်တန် စာရွက်စာတမ်းတွေမှာလည်း သူမအကြောင်း မဖော်ပြခဲ့ဘူး။ ကွန်ဂရက် မှတ်တမ်းတွေမှာလည်း မဖော်ပြခဲ့ဘူး။ သမိုင်းဆရာတွေက သက်သေပြစရာတွေကို အလိုရှိတာထက် ပုံပြင်ဇာတ်လမ်းနဲ့ အမှတ် ရချက်တွေကိုသာ ပိုပြီးအလိုရှိ





ကြပါတယ်။ ဘယ်လိုပဲဖြစ်စေ ဘက်စီဟာ အမေရိကန် သမိုင်းမှာ အံ့ဩလောက်စရာ အစိတ်အပိုင်းတစ်ရပ် ဖြစ်ခဲ့ပါတယ်။ သူမ ရဲ့ဘဝ၊ သူမရဲ့ အလုပ်၊ သူမရဲ့ မိသားစုဟာ အမှန်အတိုင်း ကျန်ရစ်ခဲ့တယ်။ ကြောင်းကျိုး ဆက်စပ်မှုတွေအရ သူမဟာ ထင်ရှားကျော် ကြားနိုင်တယ် ဆိုတာတွေက အကြောင်း မဟုတ်ပါ။

ဒီနေ့ လူပေါင်း ၂ သိန်းခွဲကျော်ဟာ ပင်စီဗေးနီးယားနိုင်ငံနဲ့ ဖီလာဒယ်ဖီးယားရှိ ဘက်စီရို့စ် အိမ်ဂေဟာတွေကို အလည်အပတ် သွားရောက်ခဲ့ကြတယ်။ နှစ်စဉ်နှစ်တိုင်းပဲ ဖြစ်တယ်။ အဲဒီအိမ်ဂေဟာက လွတ်လပ်ရေးခေါင်းဆောင်နဲ့ လွတ်လပ်ရေး ခန်းမတွေက အနည်းငယ်အကွာ တိုက်တာအိမ်ခြေအကွက်တွေ အကျော် မှာ တည်ရှိတယ်။ ဒီမြို့မှာ အလည်အပတ်အရောက်များတဲ့ နေရာတွေ အနက် တစ်နေရာအဖြစ် ကျန်ရစ်လျက် ရှိပါတယ်။



# အလံတော် စည်းမျဉ်းစည်းကမ်း



အမေရိကန်ပြည်ထောင်စု အလံသည် အလွန်ကောင်းမွန်သော အသုံးပြုပုံနှင့် ဆက်ဆံပုံတို့အကြောင်းများကို ဖော်ပြထားသည့် များစွာသော စည်းမျဉ်းများအား စနစ်တကျ စီစဉ်ထားသော ဥပဒေတစ်ခု ဖြစ်ပါသည်။ အလံ၏ ဒီဇိုင်းသည် အသေအချာ ပြုလုပ်ထားရာ အလံသည် အမြဲတမ်းပင် ထိုက်တန်သော လေးစားသမှုများ ရရှိနေပါကြောင်း တွေ့ရပါသည်။ အဝတ်အစား ပိတ်စတစ်စ ဖြစ်သော်လည်း နိုင်ငံ၏ သင်္ကေတတစ်ခု ဖြစ်နေပါသည်။

- ★ အလံများသည် မိုးရေထဲတွင်ဖြစ်စေ၊ နေ့အလင်းရောင်၏ နာရီများအောက်တွင်ဖြစ်စေ လွှင့်ထူနေရမည် ဖြစ်သည်။
- ★ ပြည်နယ်အလံများနှင့်အတူ လွှင့်ထူလျှင် အမေရိကန်ပြည်ထောင်စု အလံသည် အမြင့်ဆုံးတွင် ရှိနေရမည် ဖြစ်သည်။
- ★ အလံတစ်လံသည် တိုင်မှတစ်ဝက်ကျ၍ လွှင့်ထူခြင်းမှာ အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက် ကွယ်လွန်လျှင် ဝမ်းနည်းမှုပြ လိုက်ခြင်း ဖြစ်သည်။
- ★ အလံကို နံရံပေါ်တွင် ချိတ်ထားလျှင် အပြာရောင် အကွက်သည် လက်ဝဲဘက်တွင် ရှိနေရမည်။

# အမေရိကန်အလံ

ယနေ့ အလံတော်သည် အစင်းကြောင်း ၁၃ စင်းနှင့် ကြယ်ပေါင်း ၅၀ ရှိနေပြီ ဖြစ်သည်။ သို့သော် ဆယ်စုနှစ်များအလွန်တွင် အနည်းငယ်ပြောင်းလဲသွားခဲ့ပါသည်။

★ ★ ★

ဘက်စီရို့စ်သည် အပြာရောင် ဧရိယာပေါ်တွင် စက်ဝိုင်း တစ်ခုအတွင်း ကြယ်ပေါင်း ၁၃ ခု ထားပါသည်။ ကြယ်တစ်ပွင့်သည် ပြည်နယ်တစ်နယ်ကို ခေါ်တွင်ပါသည်။ ၁၇၇၇ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု၏ တရားဝင်အလံအဖြစ် ပြုလုပ်ထားပါသည်။ ထိုနေ့သည် ကြယ်ပွင့်နေ့အဖြစ် ပွဲသဘင်နေ့ ဖြစ်နေဆဲပင် ...။

★ ★ ★

၁၇၉၅ ခုနှစ်တွင် ကြယ်နှစ်ပွင့်နှင့် အစင်းကြောင်းနှစ်ကြောင်းတို့သည် ကင်တပ်ကီနှင့် ဗားမောင့်တို့အတွက် ထပ်မံတိုးလာခဲ့သည်။ အစင်းကြောင်း ၁၃ စင်းတို့ထက် ပိုသော တရားဝင် အမေရိကန်ပြည်ထောင်စု အလံ ဖြစ်သွားပါသည်။

၁၈၁၈ ခုနှစ်တွင် ပြည်နယ် ၅ ပွင့် တိုးလာ၍ ကြယ်ပေါင်း ၂၀ နောက်ထပ်တိုးလာပါသည်။ ကွန်ဂရက်က ဆုံးဖြတ်လိုက်သည်မှာ အစင်းကြောင်းတွေ ထပ်ဖြည့်လိုက်ပြီး ကြယ်ပွင့် ၁၃ ပဲထားလိုက်အပါက နဂိုမူလ ကိုလိုနီတွေကို ဂုဏ်ပြုရာရောက်မည်ဟု ဆိုပါသည်။

★ ★ ★

ရာစုတစ်စု နောက်ထပ်ရောက်လာပါက နိုင်ငံသည် မည်သည့်နှစ်တွင်မဆို အလံသစ်တစ်ခုထဲ ပြည်နယ်သစ် တစ်ပြည်နယ်အဖြစ် ထပ်မံ ဖြည့်ရဦးမည်မှာ ဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် အရစ်ဇိုနာနဲ့ မက္ကဆီကိုသစ်တို့သည် ပြည်ထောင်စုထဲ ဆက်သွယ်ပါဝင်ကြ၍ အလံတော်တွင် ကြယ်ပေါင်း ၄၈ ပွင့်အထိ ရောက်လာပါသည်။

★ ★ ★

၁၉၆၀ ခုနှစ်တွင် လက်ရှိအလံတော် ပုံစံသည် အလာစကာနှင့် ဟာဝိုင်အီတို့ ပါဝင်လာသဖြင့် ကြယ်ပေါင်း ၄၉ ပွင့်နှင့် အစင်းပေါင်း ၅၀ ဖြစ်လာပြီး ပထမဦး ဆုံးသော အလံသစ်ကို လွှင့်ထူခဲ့ရပါတော့သည်။

# ဘက်စီရို့စ်၏ ဘဝဖြစ်စဉ်

၁၇၅၂ – ဖီလာဒယ်ဖီးယား အနီးတွင် ဇန်နဝါရီလ ၁ ရက်နေ့၌ မွေးဖွား။

၁၇၆၄ – ပွန်ဝက်စတာဆိုင်တွင် အလုပ်စဝင်။

၁၇၇၃ – အလုပ်သမား ဂျွန်ရို့စ်နှင့် လက်ထပ်။

၁၇၇၆ – ဂျွန်ရို့စ်သည် ဒဏ်ရာများရပြီး ကွယ်လွန်။ ဂျော့ဝါရှင်တန် သည် ဘက်စီရို့စ်ဆီ အလည်ရောက်လာပြီး အမေရိကန် ပြည်ထောင်စုအလံ လုပ်ပေးမလားဟု မေးမြန်း။

၁၇၇၇ – ဘက်စီသည် ဂျိုးဇက်အက်ရှ်ဘန်းနှင့် လက်ထပ်။

၁၇၇၉ – သမီး အော်ဗီလာ မွေးဖွားခြင်းနှင့် ကွယ်လွန်။

၁၇၈၀ – သမီးအယ်လီဇာ မွေးဖွား။

၁၇၈၂ – ဂျိုးဇက်အက်ရှ်ဘန်းသည် အင်္ဂလန်ရှိ ဝက်ရုံဟောင်းအကျဉ်းစခန်း၌ ကွယ်လွန်။

၁၇၈၃ – ဘက်စီသည် ဂျွန်ကလေးပွူးနှင့် လက်ထပ်။

၁၇၈၅ – ကလာရစ်စာဆိုသော ကလေးပွူး၏ သမီးဦးမွေးဖွား၍ ကလေး ၅ ယောက်ရ။

၁၈၀၇ – ဂျွန်ကလေးပွူး ကွယ်လွန်။

၁၈၂၇ – ဘက်စီ အနားယူ။

၁၈၃၆ – ဘက်စီရို့စ်သည် အသက် ၈၄ နှစ်အရွယ်တွင် ဖီလာဒယ်ဖီးယား၌ ကွယ်လွန်။

# ကမ္ဘာ့ဖြစ်စဉ်

၁၇၃၆ – ပြင်သစ်နှင့်အိန္ဒိယ စစ်ပွဲပြီးဆုံး။ ဗြိတိသျှတို့သည် အမေ ရိကားကို ခိုင်ခိုင်မာမာ ထိန်းချုပ်။

၁၇၆၅ – တံဆိပ်ခေါင်းဥပဒေကို ပါလီမန်မှ အတည်ပြု။ ဂျိမ်းစ်ဝပ်သည် ရေနွေးငွေ့အင်ဂျင်ကို အပြီးပိုင် တီထွင်။

၁၇၇၅ – တော်လှန်ရေးစစ်ပွဲ စတင်ဖြစ်ပွား။

၁၇၇၆ – လွတ်လပ်ရေးကြေညာစာတမ်းဖြင့် သက်သေပြ။

၁၇၇၈ – ဗြိတိသျှကပ္ပတိန်ဂျိမ်းစ်ကွပ်သည် ဟာဝိုင်အီကို ရှာဖွေတွေ့ရှိ။

၁၇၈၁ – အမေရိကားသည် တော်လှန်ရေးစစ်ပွဲ၏ နောက်ဆုံးတိုက်ပွဲကို အနိုင်ရ။

၁၇၈၇ – အမေရိကန်ပြည်ထောင်စုမှ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို အတည်ပြု။

၁၇၈၉ – ပြင်သစ်တော်လှန်ရေး စတင်။ ဂျော့ဝါရှင်တန်သည် ပထမဦးဆုံး သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရ။

၁၈၀၃ – အမေရိကန်ပြည်ထောင်စုသည် လူဝီစီယားနားပြည်နယ်ကို ပြင်သစ်ထံမှ ဝယ်ယူ။

၁၈၀၄ – နပိုလီယံသည် သူ့ကိုယ်သူ ပြင်သစ်ဧကရာဇ်ဟု ကြေညာ။

၁၈၁၂ – ၁၈၁၂ ခုနှစ် စစ်ပွဲသည် ဗြိတိသျှနှင့် အမေရိကားတို့ကြားတွင် စတင် ဖြစ်ပွားသည်။

၁၈၁၅ – နောက်ဆုံးတွင် နပိုလီယံသည် ဝါလာလူးတိုက်ပွဲတွင် ရှုံးနိမ့်သွား။

၁၈၂၅ – အင်္ဂလန်တွင် ပထမဦးဆုံး လူစီးရထားလမ်း ဖွင့်လှစ်။

၁၈၃၇ – ဗစ်တိုးရီးယားသည် ဗြိတိသျှနှင့် အိုင်ယာလန်တို့၏ ညီညွတ်သော ဘုရင့်နိုင်ငံ၏ ဘုရင်မ ဖြစ်လာ။ ဘုရင်မသည် ၁၉၀၁ ခုနှစ် အထိ ၆၃ နှစ်တိုင်တိုင် အုပ်ချုပ်ခဲ့။